ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (9-5-2011) (၆၇၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မန္တလေးရှေးဟောင်းနယ်မြေလေ့လာသူများ ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းလင်းချက်များဖြင့် ပူးတွဲ၍ ခင်းကျင်းပြသ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်း သုဓမ္မာဇရပ် ပျက်စီးမှုများကို စစ်ဆေးတွက်ချက်ပြီး ဝန်ကြီးဌာနမှ ပြုပြင်မွမ်းမံခြင်းအပြင် အလှူရှင်များဖိတ်ခေါ် ပြုပြင်

နေပြည်တော် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်၊ မင်္ဂလာတံခါးနှင့် လေးသိန်းတံခါးကြားရှိ နန်းမြို့ရိုးနှင့် ပြာသာဒ်ဆောင်များ၊ သုဓမ္မာဇရပ် ၁၉ ဆောင်၊ ရွှေနန်းတော်ကျောင်းနှင့် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတို့၏ ရှေးဟောင်းအနုပညာလက်ရာများ ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လေ့လာမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးရှေးဟောင်းနယ်မြေသို့ လာရောက်လေ့လာသူများအတွက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် **စာမျက်နှာ ၃ ကော်လံ ၁ သို့❖**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးမြို့ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆည်ရေသောက် နွေစပါးခင်းများ အောင်မြင်

နွားထိုးကြီး မေ ၈

နွားထိုးကြီး မြို့နယ်တွင် ခက်လန်းဆည်ရေဖြင့် နွေစပါး ဧက ၂၀၀၊ မိုးကြိုငွေချည်(၆)ဝါ ဧက ၅၀ ကို စိုက်ပျိုးထားရာ နွေစပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေပြီး တစ်မြို့နယ်လုံး အနေဖြင့် နွေစပါး ဧက ၆၇၀ ကို ဆည်ရေ၊ ကန်ရေများဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးသည် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင် ဌာနဆိုင်ရာများနှင့်အပြီး ၁၈ ရက်က ကွင်းဆင်း၍ ခက်လန်းဆည်ရေသောက် နွေစပါးခင်းများ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုကြသည်။ (၉၅)

သစ်တောထွက်ပစ္စည်းများ ပြည်ပပို့ရာတွင် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက် ယခင်နှစ် ပြည်ပဝင်ငွေလျာထားချက် ကျော်လွန်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း အောင်မြင်အောင် ဆောင်ရွက်

ရန်ကုန် မေ ၈

သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ယခင်နှစ်က ပြည်ပဝင်ငွေ လျာထားချက် ကျော်လွန်အောင်မြင်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း **စာမျက်နှာ၉ ကော်လံ ၁ သို့✳**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၉-၅-၂၀၁၁
(တနင်္လာနေ့)

ပေါင်းစည်းဝေဖြာ လူမှုကရုဏာ

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အများကောင်းကျိုးသယ်ပိုးဆောင်ရွက်ခြင်း၊ ဆင်းရဲနွမ်းပါးသူကို ကူညီပံ့ပိုးခြင်း၊ ဘေးဒုက္ခရောက်နေသူကို ဖေးမအားပေးကူညီခြင်းတို့သည် မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်ဖြစ်သည်။ ပရဟိတ လူမှုဝတ္တရား မြင့်မြတ်သည့်စိတ်ထား ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့ကြောင့်ဖြစ်စေ၊ လူသားများ၏ အသက်အန္တရာယ်ထိခိုက်စေနိုင်သည့် ဖြစ်ရပ်များ ပေါ်ပေါက်လျက်ရှိသည်။ ထို့အပြင် နေအိမ်တိုက်တာ အဆောက်အအုံနှင့် လူမှုဝန်းကျင်တွင် မတော်တဆထိခိုက်မှု၊ ဒဏ်ရာအနာတရဖြစ်မှုများ ဖြစ်ပွားပါက အရေးပေါ် အသက်ကယ်တင်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဖွဲ့စည်းထားသည်။ **ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်** ရည်ရွယ်ချက်ဖြင့် လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်နေသည်။ ကျန်းမာရေးမြှင့်တင်ရန် ရောဂါဘေး ကြိုတင်ကာကွယ်တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကိုကူညီပေးရန် လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ သွေးသန့်စုဆောင်းရေး၊ အိတ်ချ်အိုင်ဗွီကာကွယ်တားဆီးရေး၊ ခြေတုတပ်ဆင်ရေး စသည့် စီမံကိန်းများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်နေကြပြီ။ ရောဂါဘေးအန္တရာယ် ကျရောက်လွယ်သူများနှင့် ဆေးကုသမှုခံယူရန် အခွင့်အလမ်းနည်းသူများအတွက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကြက်ခြေနီလှုပ်ရှားမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစည်းသယ်ပိုးအကျိုးပြုနေကြပြီ။

ဘေးဒုက္ခအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများသည်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အဓိကကျသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ အဆိုပါ လူမှုကရုဏာလုပ်ငန်းများတွင် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များအပါအဝင် စေတနာလုပ်အားရှင်များကိုလည်း ရှေးဦးပြုစုခြင်းနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ယခုအခါ မြို့နယ်ကြက်ခြေနီအသင်းပေါင်း ၃၂၅သင်းနှင့် ကြက်ခြေနီစေတနာ လုပ်အားရှင်နှစ်သိန်းကျော်တို့၏ ကြက်ခြေနီကွန်ရက် ဖွဲ့စည်းထားပြီ။ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အသိပညာပေးမှု၊ ထိခိုက်အနာတရနှင့် အသက်နှင့်ခန္ဓာကိုယ်ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေရေး ပြုစုပေးမှု လုပ်ငန်းများတွင် စေတနာရှင်ကြက်ခြေနီအသင်းဝင်၊ တပ်ဖွဲ့ဝင်များအားလုံးက ပေါင်းစည်းဝေဖြာ စေတနာရှင် စိတ်ထားများ လွှမ်းခြုံပျံ့နှံ့ ပွားများနေခြင်းဖြင့် လူမှုကရုဏာလုပ်ငန်းများကို ပိုမိုစွမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြို့ရွာများမီးလင်းရေး ဆွေးနွေးမှာကြား စစ်တွေမြို့ပေါ်ရှိဓာတ်အားပေးစက်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြို့ရွာများမီးလင်းရေး၊ ဓာတ်အားအပြည့်ပေးနိုင်ရေး၊ ဓာတ်အားပေးချိန် တိုးမြှင့်ရေးတို့ကို မှာကြားသည်။

တွေ့ဆုံပွဲတွင် စစ်တွေမြို့ မီးလင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌများက မြို့မီးလင်းရေးဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်များ အခြေအနေနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဓညဝတီရပ်ကွက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပြည်တော်သာရပ်ကွက်ရှိ ပုဂ္ဂလိက စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံး လျှပ်စစ်ဓာတ်အားပေးစက်၊ ကုန်တန်ရပ်ကွက်ရှိ ရပ်ကွက်မီးလင်းရေးကော်မတီ၏ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံး လျှပ်စစ်ဓာတ်အားပေးစက်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ခုတင်(၂၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ လှလှကြည် ဦးဆောင်သော ကွင်းဆင်းကုသရေးအဖွဲ့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်ဆိပ်ပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ပြည်သူများအား ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် သွားလာမှုလွယ်ကူချောမွေ့ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မန္တလေးလမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ခြင်းနှင့် အမှိုက်သရိုက်နှင့်နုန်းများ သယ်ယူရှင်းလင်းခြင်းဆောင်ရွက်မှုတို့ကို ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယမန်နေ့နံနက် ၇ နာရီတွင် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ သိမ်ဖြူဈေးရှေ့၌ အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းကန်ဖြင့် စွန့်ပစ်အမှိုက်များသိမ်းဆည်းနေမှု၊ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ တွင်းချောင်း ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုနှင့် ရေစီးရေလာ အခြေအနေ၊ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၌ အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းကန်ဖြင့် စွန့်ပစ်အမှိုက်များသိမ်းဆည်းနေမှု၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံမှ ကမာရွတ်ချောင်းအထိ လူသွားလမ်းကွန်ကရစ်လမ်းများခင်းနေမှုနှင့် ပြီးစီးမှု၊ လှိုင်မြို့နယ် ပိတောက်ချောင်းမှ ကမာရွတ်ချောင်းအထိ ဘုရင့်နောင်လမ်းခြောက်လမ်းသွားလမ်းအပြည့် ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်အကြား မင်းဓမ္မလမ်းရှိ သမိုင်းချောင်း၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းရှိ ကျိုက္ကဆံချောင်း၊ တာမွေမြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ နတ်ချောင်း ရေနုတ်မြောင်းတို့၏ ရေစီးရေလာ အခြေအနေများနှင့် စက်ယန္တရားဖြင့် အမှိုက်သရိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မန္တလေးလမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

တပ်ကုန်းမြို့နယ်၌ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

နေပြည်တော် မေ ၈

နေပြည်တော် ခုတင်(၂၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ လှလှကြည် ဦးဆောင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် မေ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်ဆိပ်ပင်ကျေးရွာအုပ်စု သစ်ဆိပ်ပင်မြောက်ရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ပြည်သူ ၃၂၈ ဦးအား အထွေထွေရောဂါ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကလေး၊ မီးယပ်၊ အရိုး၊ အရေပြားနှင့် ငှက်ဖျားရောဂါများကို ကုသပေးခဲ့ပြီး ကျန်းမာရေး အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Franchise ဆိုင်ရာ ဟောပြောဆွေးနွေး

ရန်ကုန် မေ ၈

မြန်မာနိုင်ငံ၌ Franchise Business Sectors နှင့် စပ်လျဉ်း၍ အသိပညာ ပြန့်ပွားစေရန်ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ထိုင်းနိုင်ငံ Department of Export Promotion, Ministry of Commerce တို့ ပူးပေါင်း၍ Seminar on "Business Opportunity for Franchise Business" ဟောပြောဆွေးနွေးပွဲကို မေ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံ Department of Export Promotion မှ ကျွမ်းကျင်သူ ပညာရှင်များက Franchise Business ဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ပြီး UMFCCI အသင်းဝင် ကုမ္ပဏီများမှ ဒါရိုက်တာ၊ ဝန်ထမ်းများ၊ ညီနောင်အသင်းများ၏ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာ၊ ဝန်ထမ်းများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တွေ့ဆုံမှာကြား

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဝန်ထမ်းများအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

ရှေးဟောင်းအမွေအနှစ်လက်ရာများနှင့် အနုပညာများကို ပိုမိုဖော်ထုတ်ကြရန်၊ ထိန်းသိမ်းကြရန်၊ မြှင့်တင်ဆန်းသစ်ကြရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ပေါင်းစပ်ဆောင်ရွက်ကြရန် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဝန်ထမ်းများအား မှာကြား

နေပြည်တော် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၆ ရက်တွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေး)တို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလည်းကောင်း၊ မေ ၇ ရက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေး)တို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဝန်ကြီးဌာနသည် တိုင်းပြည်အတွက် အခြေခံကျကျ အရေးကြီးသည့် အရေးပါသည့် ဝန်ကြီးဌာနတစ်ခု ဖြစ်သည်ကို ဝန်ထမ်းတိုင်းသိရှိပြီး လုပ်ငန်းတာဝန်များကို အလေးအနက်ထား ကြိုးပမ်း ထမ်းဆောင်ကြစေလိုကြောင်း၊ ရှေးဟောင်းသုတေသနဌာနနှင့် အနုပညာဦးစီးဌာန တို့သည် ချမှတ်ပေးထားသည့် ရည်မှန်းချက်၊ ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ သန္နိဋ္ဌာန် များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည့်အပြင် ရှေးဟောင်းအမွေအနှစ် လက်ရာ များနှင့် အနုပညာများကို ပိုမိုဖော်ထုတ်ကြရန်၊ ထိန်းသိမ်းကြရန်၊ မြှင့်တင်ဆန်းသစ် ကြရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြား လိုကြောင်း၊ ထိုသို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ပိုမိုဖော်ထုတ်ထိန်းသိမ်းပြီး မြှင့်တင်ဆန်းသစ်ထားသည့် ယဉ်ကျေးမှုအနုပညာကို ပေါင်းစပ်ဖော်ထုတ်တင်ပြနိုင်မှသာ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာပြည်သူများ၊ လူငယ်များက ပိုမိုလက်ခံတန်ဖိုးထားလေးစားလာပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင် မြတ်နိုးတန်ဖိုးထားလေးစားသည့်စိတ်၊ ဘာသာယဉ်ကျေးမှု ဓလေ့စရိုက်များအပေါ် တန်ဖိုးထားမြတ်နိုးသည့် စိတ်ထားများကို မြှင့်တင်ကာကွယ်ပေးရာရောက်မည် ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်ပနိုင်ငံများက ပိုမို သိရှိလာပြီး လာရောက်ကြည့်ရှုလေ့လာခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိခြင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိခြင်းစသည့် အကျိုးကျေးဇူးများ ခံစားကြရမှာဖြစ်ကြောင်း။

ချမှတ်ထား

ဝန်ကြီးဌာနက ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အချက်(၁၄)ချက်ကို ချမှတ် ထားပြီးဖြစ်၍ ယင်းအချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်း လိုကြောင်း။

"ရေမြင့်မှ ကြာတင့်"ဆိုသည့်အတိုင်း ရေနှင့် သဏ္ဌာန်တူသည့် တိုင်းပြည်အဆင့် အတန်းမြင့်မှ ကြာနှင့်တူသည့် ပြည်သူများ၊ ဝန်ထမ်းများ တင့်တယ်ဝင့်ကြွားနိုင်မည် ဖြစ်၍ နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသည့် ယနေ့အချိန်တွင် မိမိတို့ဝန်ထမ်းများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ တာဝန် ကျေပွန်ခြင်းဖြင့် ဂုဏ်ယူကြရမှာဖြစ်ကြောင်း။

အားပေးဆောင်ရွက်မည်

ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ထမ်းများ လုပ်ငန်းခွင်သာယာရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးကို သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ မူဘောင်များနှင့်အညီ အားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ခင်းကျင်းပြသမှုအပိုင်းတွင် ရှင်းလင်းချက်များဖြင့် ပူးတွဲဖော်ပြရေး၊ အခင်းအကျင်း အစီအစဉ်ကို စနစ်တကျနှင့် ဆန်းသစ်စွာ ပြင်ဆင်ပြသရေး၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းရေး၊ အင်ဂျင်နီယာပညာရပ်ဖြင့် ထိန်းသိမ်းခြင်းအပြင် ခေတ်မီ ဓာတုဗေဒဆေးပစ္စည်းများဖြင့် ထိန်းသိမ်းရမည့် ရှေးဟောင်းလက်ရာများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ သုဓမ္မာဇရပ်တစ်ဆောင်ချင်း၏ ပျက်စီးမှုများကို အသေးစိတ် စစ်ဆေးတွက်ချက်ပြီး ဝန်ကြီးဌာနမှ ပြုပြင်မွမ်းမံခြင်းအပြင် အလှူရှင်များ ဖိတ်ခေါ်၍ ပြုပြင်ထိန်းသိမ်းခြင်းနည်းကိုပါ ပေါင်းစပ်ဆောင်ရွက်ရေး၊ ရှေးဟောင်းလက်ရာပစ္စည်းများ ပျောက်ဆုံးပျက်စီးမှုမရှိစေရန် လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ထားရှိရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၆)**
၈း၄၅ Legendary Journey Live at Singapore (Part-7)
၉း၄၀ ကုသိုလ်ရေးမှာပါဝင်နွှဲ ဆိပ်ဖြူမြို့ရဲ့ဆွမ်းလောင်းပွဲ
၁၀း၀၅ ပင်လယ်ပြာဘေး၊ ကမာကေးမှ ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ
၁၀း၂၅ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့ ရှင်အပါး (၁၀၀၀)သာသနာ့အမွေခံ ရှင်သာမဏေစုပေါင်းရှင်ပြု အလှူတော်မင်္ဂလာ
၁၀း၄၅ NIBBAN ၏လှုပ်ရှားမှုပုံရိပ်များ
၁၀း၅၅ နာဂလိုဏ်ဂူဘုရားကုန်းမြေမှ ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ
၁၁း၁၀ Celebrity Choice (ငယ်ငယ်)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ Activities In The City [အ. မ. က(၅)သာကေတ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ]
၁၂း၂၀ မြတ်နိဗ္ဗာန်သို့တက်လှမ်းနိုင်ရန် ရည်မျှော် ဒုတိယအကြိမ် ဒုလ္လဘရဟန်းခံပွဲတော်
၁၂း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်အူမကြီးကြော်နှင့် ငါးသေတ္တာပန်းဂေါ်ဖီနှပ်)
၁း၀၀ "ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စာအုပ်ပြခန်း (ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင်အခြားကင်ဆာရောဂါ ဆောင်းပါးများစာအုပ်ရေးသားသူ ဒေါက်တာစိုးလွင်နှင့်တွေ့ဆုံမေးမြန်းခြင်း) (အပိုင်း-၂)
၂း၅၅ Activities In The City (သန်လျင်မြို့နယ်၏ ပထမပြန် စာအောင်ဆုပေးပွဲနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်း ဆုပေးပွဲ)
၃း၀၅ သာသနာ့အမွေခံ ဧကန်မှန်ပေသည်
၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၈)**
၄း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၆)**
၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀ Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၉)**
၇း၁၀ Legendary Journey Live at Singapore (Part-8)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ညှိသည်လာတာကောင်းတယ်၊ ညှိသည်မလာတာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၇)**
၁၀း၂၀ ဗီဒီယိုပြခန်း
၁၀း၃၅ အနုပညာမိုးကောင်းကင်
၁၀း၅၅ ရှိတော့ရှိတယ် ရှားတယ် (ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်ဇင်၊ ဟိန်းတေဇာ၊ ချစ်စန္ဒီးဦး) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁၁း၁၅ International Show Biz
၁၁း၃၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၁း၅၀ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၁၂း၀၀ Living on Water
၁၂း၄၅ ရေဆန်စီးတဲ့မြစ်
၁း၂၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
၂း၀၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၂း၂၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)
၂း၄၀ Movie Mistakes (Troy)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ 2 D
၄း၂၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၄း၃၀ လူနေမှုဘဝအလှထဲက မြန်မာသနပ်ခါး
၄း၅၀ ပူဇော်လျှာဒါန်းကြာသက်န်း
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Fulham - Liverpool	ESPN(Live)

နျူကလီးယားလောင်စာခ်စက်စာတ်အားထုတ်လုပ်သုံးစွဲခြင်းကို ဂျပန်နိုင်ငံက မစွန့်လွှတ်ဟုဆို

ဖူကူရှီးမား ဒိုင်အိချီနျူကလီးယားဓာတ်အားပေးစက်ရုံအတွင်း တစ်နေရာ၌ အလုပ်သမားများကို မေ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုကျို မေ ၈

ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသော ဖူကူရှီးမားဒိုင်အိချီ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ဓာတ်ရောင်ခြည်ယိုစိမ့်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံ၏စွမ်းအင်ဆိုင်ရာမူဝါဒတွင် အဓိကအခန်းကဏ္ဍ၌ရှိသည့် နျူကလီးယားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲခြင်းကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဂျပန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

နိုင်ငံအလယ်ပိုင်းတွင်ရှိသော ဟာမာအိုကာ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုသုံးလုံးမှလွဲ၍ ကျန်လည်ပတ်နေသည့် ဓာတ်ပေါင်းဖိုများကို ပိတ်ပစ်ရန်၌ အစီအစဉ်မရှိကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအတွင်းဝန်ချုပ် ယိုရှီတိုဆန်ဂိုကူက ပြောကြားသည်။

ထိုဓာတ်ပေါင်းဖိုသုံးလုံးကို ပင်လယ်ရေကာနံရံများ တည်ဆောက်ခြင်းနှင့် အရန်နည်းစနစ်များ ရေးဆွဲခြင်းတို့မပြီးဆုံးမီကာလအထိ ပိတ်ထားရန် ဟာမာအိုကာစက်ရုံကို အစိုးရက ဧပြီ ၆ ရက်တွင် အမိန့်ပေးခဲ့သည်။

ဂျပန်နိုင်ငံ၏စွမ်းအင်မူဝါဒအရ နျူကလီးယားလျှပ်စစ်စွမ်းအားသုံးစွဲခြင်းကို စွဲမြဲစွာဆုပ်ကိုင်ထားမည်ဖြစ်ကြောင်း ဆန်ဂိုကူက အန်အိတ်ချ်ကေရုပ်သံလိုင်းမှတစ်ဆင့် တိုင်းပြည်သို့ တင်ပြခဲ့သည်။

ဟာမာအိုကာ နျူကလီးယားစက်ရုံပိတ်သည့်ကိစ္စမှာ ခြွင်းချက်ဖြစ်ကြောင်း၊ ယင်းသို့ပိတ်ခြင်းသည် ဂျပန်နိုင်ငံအနေဖြင့် နျူကလီးယားအပေါ်မှီခိုသည့်မူဝါဒမှ ဖယ်ကြဉ်သွားသည့်သဘော မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဟာမာအိုကာ နျူကလီးယားဓာတ်ပေါင်းဖိုများကို ကွပ်ကဲနေသည့် ချူဘူလျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီအနေဖြင့် အစိုးရ၏ဓာတ်ပေါင်းဖိုများပိတ်ပစ်ရန် ညွှန်ကြားမှုအပေါ် ဆုံးဖြတ်ချက်ချမှတ်ရေးကို စနေနေ့က ရွှေ့ဆိုင်းခဲ့သည်။

အဓိကစိုးရိမ်ပူပန်မှုမှာ ဓာတ်ပေါင်းဖိုများပိတ်ပစ်ခြင်းကြောင့် ယခုနှစ်နွေရာသီတွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုဖြစ်ပေါ်မည့်အရေးဖြစ်သည်။

ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုစုစုပေါင်း၏ သုံးပုံတစ်ပုံကို နျူကလီးယားစွမ်းအင်ကဏ္ဍက ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

အေပီ။

အီရန်ကို စစ်ရေးအရတိုက်ခိုက်မှု အစ္စရေးထောက်လှမ်းရေးအဖွဲ့အကြီးအကဲဟောင်း ဆန့်ကျင်

ဂျေရုဆလင် မေ ၈

အီရန်၏ နျူကလီးယားအစီအစဉ်များကို တားမြစ်ရန် စစ်ရေးအရတိုက်ခိုက်မှုသည် မိုက်မဲရာကျမည် ဖြစ်ကြောင်း အစ္စရေးထောက်လှမ်းရေးအဖွဲ့ အကြီးအကဲတစ်ဦး၏ ပြောကြားမှုကိုကိုးကား၍ အစ္စရေးမီဒီယာများက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

အတိအလင်းဆန့်ကျင်

အစ္စရေးထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်း မီရာဒါဂင်၏ မှတ်ချက်သည် စစ်ရေးနည်းလမ်းဖြင့် ခြိမ်းခြောက်နိုင်မှုမရှိပါက အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားရည်ရွယ်ချက်များကို လက်လျှော့လိမ့်မည် မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေသန်ယာဟု၏ အမြင်ကို အတိအလင်းဆန့်ကျင်နေသည်။

အနောက်အုပ်စုနိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့သည် အီရန်နိုင်ငံကို ရန်သူအဖြစ်သဘောထားပြီး အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များသည် လက်နက်တည်ဆောက်ရန် ဖြစ်သည်ဟု ယူဆထားကြသည်။ အီရန်နိုင်ငံ၏ နျူကလီးယားအဆောက်အအုံများသည် တစ်ပြန့်တစ်ကျဲတည်ရှိနေပြီး တည်နေရာကိုလည်း အတည်တကျထားရှိခြင်းမရှိသောကြောင့် စစ်ရေးအရ ထိထိရောက်ရောက်တိုက်ခိုက်နိုင်ရန် ခက်ခဲကြောင်း မီရာဒါဂင်က ပြောကြားခဲ့သည်။ **အေပီ။**

ကန်ဒါဟာတွင် တာလီဘန်များနှင့် အစိုးရတပ်ဖွဲ့ တိုက်ပွဲဖြစ် တာလီဘန် ၂၃ ဦးသေဆုံး၊ လေးဦး ဖမ်းဆီးရမိ

ကန်ဒါဟာတိုက်ပွဲအတွင်း အာဖဂန်ရဲတပ်ဖွဲ့ဝင်တစ်ဦး သဲသဲမဲမဲပစ်ခတ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကဘူး မေ ၈

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ မေ ၇ ရက်က တိုက်ခိုက်ကြရာ တာလီဘန်တိုက်ခိုက်ရေးသမား ၂၃ဦးသေဆုံး၍ လေးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဇာမာရိန်ဘက်ခ်ရှာရီက မေ ၈ရက်တွင် ပြောကြားသည်။

လက်ရဖမ်းဆီးရမိသူ အသေခံတိုက်ခိုက်ရေးသမား လေးဦးမှာ ကန်ဒါဟာမြို့ရှိ အကျဉ်းထောင်ထဲတွင် အတူတကွ နေထိုင်ခဲ့ကြပြီး ဧပြီ ၂၅ ရက်က လွတ်မြောက်လာသူများဖြစ်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သောလက အကျဉ်းထောင်အတွင်းတွင် မီတာ ၃၂၀ရှည်လျားသော ဥမင်လိုဏ်ခေါင်းကိုတူး၍ ထွက်ပြေးလွတ်မြောက်ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဘက်ခ်ရှာရီက သတင်းသမားများအား ပြောကြားခြင်းဖြစ်သည်။

အသေခံတိုက်ခိုက်ရေးသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ နှစ်ဦးသေဆုံးပြီး အရပ်သား ၁၅ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅ ဦး ဒဏ်ရာများရရှိသည်။ တာလီဘန်စစ်သွေးကြွများက အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များကို အဓိကထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မေ ၇ရက် မွန်းလွဲပိုင်းတွင် တာလီဘန်စစ်သွေးကြွများက ပြည်နယ်အုပ်ချုပ်ရေးမှူးနေအိမ်အပါအဝင် အစိုးရရုံးဌာနအချို့၊ စည်ပင်သာယာ အုပ်ချုပ်ရေးဌာန၊ ရဲတပ်ဖွဲ့နှင့် စုံထောက်ဌာနများသို့ ရုတ်တရက်ဝင်ရောက်စီး နင်းတိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ခိုက်မှု၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရအလုပ်သမား ၁၁၆ ဦး သေဆုံးကြောင်း တာလီဘန်တို့က ပြောကြားသည်။

ကန်ဒါဟာပြည်နယ်၌ မေ ၁ ရက်မှ ၇ ရက်အတွင်း တိုက်ပွဲများကြောင့် သေကျေပျက်စီးခဲ့သူများထဲတွင် ရဲတပ်ဖွဲ့ဝင် ၃၀၊ အရပ်သား ၂၃ ဦးနှင့် စစ်သွေးကြွ ၁၈၂ ဦးပါဝင်ကြောင်း ဘက်ခ်ရှာရီက ဆက်လက်ပြောကြားသည်။ ထိုကာလအတွင်း စစ်သွေးကြွ ၁၈၂ ဦးကိုလည်း ဖမ်းဆီးရမိသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားတင်ပို့ကုန် မတ်လ၌ ဝင်ငွေတိုး

ကွာလာလမ်ပူ မေ ၈

မလေးရှားနိုင်ငံသည် ပို့ကုန်လုပ်ငန်းမှ ၂၀၁၁ ခုနှစ် မတ်လတွင် ရင်းဂစ် ၆၄ ဒသမ ၀၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၅ ဘီလီယံ)အထိ ဝင်ငွေတိုးမြင့်ရရှိခဲ့ပြီး နှစ်အလိုက်နှုန်းထားထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပို့ကုန်ဝင်ငွေ တိုးမြင့်ရသည့် အဓိကအကြောင်းရင်းတွင် အီလက်ထရွန်နစ် ပစ္စည်းများ၊ သန့်စင်ပြီး ရေနံထွက်ကုန်များ၊ စားအုန်းဆီ၊ ရော်ဘာစိမ်းနှင့် ဓာတုဗေဒပစ္စည်းနှင့် ဓာတုထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု မလေးရှားနိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

သွင်းကုန်ကဏ္ဍတွင်လည်း နှစ်အလိုက်နှုန်းထားထက် ၁၂ ဒသမ ၇၀ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး ရင်းဂစ် ၅၀ ဒသမ ၅၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံ)အထိ ရှိခဲ့သည်။ မတ်လအတွင်း ကုန်သွယ်မှုလုပ်ငန်း၌ စုစုပေါင်း ဝင်ငွေမှာ ရင်းဂစ် ၁၁၄ ဒသမ ၅၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၂ ဘီလီယံ)အထိရှိပြီး ၉ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မလေးရှားနိုင်ငံက ကုန်ပစ္စည်းတင်ပို့သော ထိပ်တန်းငါးနိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဟောင်ကောင်တို့ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိုလီဗီးယားတွင် လေယာဉ်ပျက်ကျ ကုလသမဂ္ဂဝန်ထမ်းလေးဦး သေဆုံး

လာပက်ဇ် မေ ၈

ဘိုလီဗီးယားနိုင်ငံအနောက်ပိုင်းတွင် မေ ၆ ရက်က လေယာဉ်တစ်စင်းပျက်ကျရာ ကုလသမဂ္ဂအဖွဲ့မှ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူ လေးဦးနှင့် ဘိုလီဗီးယားလေယာဉ်မှူးနှစ်ဦး သေဆုံးကြောင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက မေ ၇ ရက်တွင် ပြောကြားသည်။

ယင်းလေယာဉ်သည် မြို့တော်လာပက်ဇ်၏ မြောက်ဘက်ကိုကာစိုက်ပျိုးသောဒေသကို လေ့လာထောက်လှမ်းရန် ထွက်ခွာလာပြီးနောက် ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းလေယာဉ်ငယ်မှာ တောအုပ်တစ်ခုအတွင်းသို့ ပျက်ကျသွားကြောင်း၊ ပျက်ကျပြီး နှစ်ရက်ခန့်အကြာတွင် ကယ်ဆယ်ရေးသမားများက လေယာဉ်ပျက်၏အပိုင်းအစများကို နောက်ဆုံးတွင်တွေ့ရကြောင်း၊ သစ်ပင်တစ်ပင်နှင့်တိုက်မိ၍ ပျက်ကျခြင်းဖြစ်ကြောင်း ဘိုလီဗီးယားနိုင်ငံမှ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီကမ်းလွန်တွင် သင်္ဘောသောင်တင်၊ လူ ၃၀၀ကို ကယ်တင်နိုင်ခဲ့

ရောမ မေ ၈

ရွှေ့ပြောင်းနေထိုင်သူ ၃၀၀ ခန့်ကို တင်ဆောင်လာသော သင်္ဘောတစ်စင်းသည် အီတလီနိုင်ငံတောင်ပိုင်း ကမ်းလွန်တွင် မေ ၈ရက်က သောင်တင်သွားကြောင်း၊ သို့ရာတွင် သင်္ဘောပေါ်ပါသူအားလုံး အသက်အန္တရာယ်မရှိကြောင်း အီတလီသတင်းဌာနများက ဖော်ပြသည်။

ယင်းသင်္ဘောသည် မူလက မော်လ်တာသို့ ဦးတည်၍ ခုတ်မောင်းနေခြင်းဖြစ်ဟန်တူကြောင်း၊ သို့သော် မော်လ်တာကင်းလှည့်သင်္ဘော၏ စောင့်ကြပ်မှုဖြင့် လန်ပီဒူဆာကျွန်းဆီသို့ ခုတ်မောင်းခဲ့ကြောင်း အန်တာသတင်းဌာနက ဖော်ပြသည်။

အီတလီနိုင်ငံ ဆိပ်ကမ်းသို့ ချဉ်းကပ်လာနေစဉ် သင်္ဘောသည် ကျောက်ဆောင်များနှင့် တိုက်မိကြောင်း၊ ခရီးသည်အချို့က အလန့်တကြားရေထဲသို့ ခုန်ချခဲ့ကြသော်လည်း အီတလီကယ်ဆယ်ရေးသမားများက ၎င်းတို့ကို လျင်မြန်စွာ ကယ်ဆယ်နိုင်ခဲ့သည်ဟု ဆိုသည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကတွင် မငြိမ်မသက်မှုများဖြစ်ပွားပြီးနောက် အီတလီဆိပ်ကမ်းများသို့ ရွှေ့ပြောင်းနေထိုင်သူများ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိသည်။

ဆင်ဟွာ။

ရွှေ့ပြောင်းနေထိုင်သူများကို ကယ်ဆယ်၍ လန်ပီဒူဆာကျွန်းသို့ ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်အကျဉ်းထောင်တွင်းတိုက်ပွဲ၌ အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးအပါအဝင် ၁၇ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အကျဉ်းထောင်တစ်ခု၌ ထောင်ဖောက်ပြေးရန် ကြိုးပမ်းသော အကျဉ်းသားများနှင့် လုံခြုံရေး တာဝန်ရှိသူများအကြား တနင်္ဂနွေနေ့က တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့ရာ အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးအပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာ ၃၁ ရက်က အီရတ်ခရစ်ယာန်ဝတ်ကျောင်းတစ်ခုကို အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးကိုင်စီစဉ်ခဲ့သူအဖြစ် စွပ်စွဲခံထားရသူ ဟူသီဖာအယ်လ်ဘာတာစီဆိုသူသည် အခြားသောအယ်လ်ခိုင်ဒါအကျဉ်းသား ၁၀ ဦးတို့နှင့်အတူ ထောင်ဖောက်ရန်ကြိုးပမ်းမှုအတွင်း သေဆုံးခဲ့ကြောင်း ဘဂ္ဂဒက်မြို့တော် လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှုမှစတင်

အဆိုပါ ထောင်ဖောက်မှုဖြစ်စဉ်သည် အီရတ်ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိအကျဉ်းထောင်တစ်ခု၌ ဖြစ်ပွားခဲ့ရပြီး အကျဉ်းသားတစ်ဦးက ထောင်လုံခြုံရေး ဝန်ထမ်းတစ်ဦးထံမှ သေနတ်လုယူကာ ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်းများကို ပစ်ခတ်သတ်ဖြတ်ခဲ့ရာမှ စတင်ခဲ့သည်။

အကျဉ်းတိုက်တစ်တိုက်ကို နာရီပေါင်းများစွာ ထိန်းချုပ်ထားသော အကျဉ်းသားများအား အီရတ်အထူးရဲတပ်ဖွဲ့ဝင်များက စီးနင်းနှိမ်နင်းခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထောင်ဖောက်ပြေးရန်ကြိုးပမ်းသော အယ်လ်ခိုင်ဒါအကျဉ်းသားများ၏လက်ချက်ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးယူနစ် စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်တစ်ဦးအပါအဝင် လုံခြုံရေးတာဝန်ရှိသူ ခုနစ်ဦးလည်း သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့တွင်းရှိ စစ်ဆေးရေးစခန်းတစ်ခု၌ စောင့်ကြပ်နေသော အီရတ်အကြမ်းဖက်မှု တိုက်ဖျက်ရေးအထူးတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

သေဆုံးခဲ့သော အယ်လ်ခိုင်ဒါအကျဉ်းသားများအနက် ရှစ်ဦးသည် သေဒဏ်အမိန့်ချမှတ်ခံထားရသူများဖြစ်ကြောင်း အီရတ်ပြည်ထဲရေးတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရိုက်တာ။

မဟာတံတိုင်း၏အစိတ်အပိုင်းပျက်များ တရုတ်ရှေးဟောင်းသုတေသီများတွေ့ရှိ

ပေကျင်း မေ ၈

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း တောင်ကုန်းဒေသတစ်ခု၌ တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် ယခင်က မသိခဲ့ရသော မဟာတံတိုင်းကြီး၏ အပျက်အစီးများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ်သတင်းမီဒီယာများက မေ ၇ ရက်တွင် ပြောကြားသည်။

မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းများအဖြစ် တစ်ချိန်က ပါဝင်ခဲ့ဖူးသောအုတ်ချပ်များနှင့် ကျောက်တုံးများကို လျောင်နင်းပြည်နယ် စုချုန်းခရိုင်ရှိ တောင်ကုန်းများအကြား တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းများကို တရုတ်မင်မင်းဆက်လက်ထက် အေဒီ ၁၃၆၈-၁၆၄၄ ခုနှစ်များအတွင်း ပြန်လည်တည်ဆောက်ခဲ့သော်လည်း နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည်။

ဒေသခံလယ်သမားများ၏ မျိုးရိုးအဆက်ဆက်တို့ပင်လျှင် အုတ်ချပ်များနှင့် ကျောက်တုံးများကို မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းများအဖြစ် သိရှိခဲ့ခြင်းမရှိဘဲ ရံဖန်ရံခါ၌ နေအိမ်များ တည်ဆောက်ရာတွင် ယင်းအုတ်ချပ်နှင့် ကျောက်တုံးများကို အသုံးပြုခဲ့ကြကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားသည်။

မြောက်ပိုင်းလူမျိုးစုများ၏ ကျူးကျော်ဝင်ရောက်မှုကို ကာကွယ်ရန် မဟာတံတိုင်းကြီး၏ ကနဦးအပိုင်းများကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ခန့်က စတင်တည်ဆောက်ခဲ့သည်။ သို့ရာတွင် မဟာတံတိုင်းကြီး၏အစိတ်အပိုင်းအများစုကို နောက်ပိုင်း တရုတ်မင်းဆက်များက ဆက်လက်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

အင်တာနက်။

စာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုး၏ နှစ်(၁၅၀)ပြည့်မွေးနေ့ အိန္ဒိယနိုင်ငံ၌ ကျင်းပ

နယူးဒေလီ မေ ၈

ကမ္ဘာကျော် ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာကြီး ရာဘင်ဒြာနတ်တဂိုး၏ (၁၅၀)ပြည့်နှစ်မြောက် မွေးနေ့ပွဲကို အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ မေ ၆ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဘင်္ဂါလီစာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုးသည် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားကမ္ဘာ့ဒေသများတွင် ပျံ့နှံ့နေထိုင်ကြသော ဘင်္ဂါလီဘာသာစကားသုံးစွဲသူ သန်း ၂၅၀ တို့အတွက် လေးစားမြတ်နိုးရသူတစ်ဦးဖြစ်ပြီး စာပေဆိုင်ရာနိုဘယ်လ်ဆုကို ရရှိခဲ့သည့် ပထမဆုံး အာရှတိုက်သားလည်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါလ်ပြည်နယ် ကိုလ်ကတ္တားမြို့ရှိ ကဗျာဆရာကြီး၏ ဇာတိချက်ကြွေနေရာနှင့် နောက်ဆုံးခေါင်းချရာနေရာဖြစ်သော ဂျိုရာဆန်ကိုမင်းရှင်း အဆောက်အအုံ၌ ပန်းများကြဲကာ စာဆိုတော်ကြီးတဂိုးကို ဂုဏ်ပြုခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အိန္ဒိယနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော စာဆိုကြီး၏ အမည်ကို အစွဲပြု၍ အမျိုးသားအဆင့် ဆုတံဆိပ်ဖန်တီးချီးမြှင့်ရန်လည်း အိန္ဒိယအစိုးရက စီစဉ်လျက်ရှိသည်။

၁၈၆၁ ခုနှစ် မေ ၇ ရက်တွင် မွေးဖွား၍ ၁၉၄၁ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သော တဂိုးသည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အမျိုးသားရေး စိတ်ဓာတ်ကို စာပေဖြင့် မြှင့်တင်ပေးခဲ့သူဖြစ်ပြီး နာမည်ကျော် ဂီတဥ္စလီ ကဗျာများ အပါအဝင် စာအုပ်ပေါင်း ၅၀ မျှကို ရေးသားပြုစုခဲ့သည်။

အိန္ဒိယနိုင်ငံ ဂျာလီယန်ဝါလာမြို့၌ ဗြိတိသျှတပ်ဖွဲ့များက အရပ်သားရာပေါင်းများစွာကို ၁၉၁၉ ခုနှစ်တွင် သတ်ဖြတ်ခဲ့မှုအား ကန့်ကွက်သည့်အနေဖြင့် တဂိုးသည် ၎င်းအား ဗြိတိသျှအစိုးရက ချီးမြှင့်ခဲ့သော သူရဲကောင်းဘွဲ့ကို စွန့်လွှတ်ခဲ့သူဖြစ်သည်။

အင်တာနက်။

လျှင်လှုပ်မည်ဟူသော ဟောကိန်းကြောင့် ရောမမြို့သားများ ချောက်ချား

ရောမ မေ ၈

လာမည့် မေလ ၁၁ ရက်၌ အီတလီနိုင်ငံ ရောမမြို့တော်တွင် လူသူလေးပါးခြောက်ကပ်နေသည်ကို ကမ္ဘာလှည့်ခရီးသွားများ မြင်တွေ့ရပါက ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းရင်းသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော မြေငလျင်ဗေဒပညာရှင်တစ်ဦး၏ မြေငလျင်ခန့်မှန်းချက်တစ်ရပ်ကြောင့် ရောမမြို့သူ၊ မြို့သားများ မြို့ကိုစွန့်ခွာထွက်ပြေးခဲ့ခြင်းကြောင့်သာ ဖြစ်နိုင်ဖွယ်ရှိသည်။



၂၀၀၉ ခုနှစ်က အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ မြေငလျင်လှုပ်ခတ်ပြီးနောက် တွေ့ရစဉ်။

လွန်ခဲ့သောလပေါင်းများစွာကပင် အီတလီနိုင်ငံသားများ အသုံးပြုနေကြသော အင်တာနက်ဝက်ဘ်ဆိုက်များ၊ ဘလော့ဂ်များနှင့် လူမှုရေးကွန်ရက်များ၌ မြေငလျင်ပေါင်းများစွာ လှုပ်ခတ်မည်ကို ကြိုတင်ခန့်မှန်းခဲ့သည်ဆိုသော ငလျင်ဗေဒပညာရှင် ရာဖေးလ်ဘင်ဒန်ဒီဆိုသူနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အင်တာနက်ပေါ်၌ ပေါ်ထွက်ခဲ့သော ကောလာဟလများအရ ရောမမြို့တော်၌ မေ ၁၁ ရက်တွင် ငလျင်ကြီးတစ်ရပ်လှုပ်ခတ်မည်ဖြစ်ကြောင်း ဘင်ဒန်ဒီက ခန့်မှန်းခဲ့သည်ဟု ဆိုသည်။

အီတလီအမျိုးသားရုပ်မြင်သံကြားဌာန(အာရ်အေအိုင်)က ရောမမြို့သားများအကြား ပျံ့နှံ့ဖြစ်ပေါ်နေသည့် ငလျင်လှုပ်ခတ်မည့်အရေးအား စိုးရိမ်ချောက်ချားမှုများကို ငြိမ်သက်စေရန် ရည်ရွယ်၍ အစီအစဉ်များစွာ ထုတ်လွှင့်ပေးခဲ့သည်။ အလားတူ မြို့ပြကာကွယ်ရေးအေဂျင်စီတစ်ခုကလည်း ငလျင်လှုပ်ခတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်မှုမရှိကြောင်း ရည်ညွှန်းသည့် သိပ္ပံပညာရှင်တို့၏ တရားဝင်သုံးသပ်ချက်များကို ထုတ်ပြန်ပေးခဲ့ကြသည်။

အီတလီနိုင်ငံသား နက္ခတ္တဗေဒနှင့် ငလျင်ဗေဒပညာရှင်တစ်ဦးဖြစ်သူ ဘင်ဒန်ဒီသည် ၁၉၇၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သူဖြစ်ပြီး မြေငလျင်များသည် အာကာသအတွင်းရှိ ဂြိုဟ်များ၊ လနှင့် နေတို့၏ လှုပ်ရှားမှုများ ကြုံကြိုက်တိုက်ဆိုင်ချိန်၌ ဖြစ်ပေါ်လေ့ရှိသည်ဟု စွဲစွဲမြဲမြဲယုံကြည်သူတစ်ဦးဖြစ်သည်။ ယင်းအပြင် ငလျင်လှုပ်ခတ်မှုကို အပြည့်အဝခန့်မှန်း၍ရကြောင်း ၎င်းက ယူဆထားသည်။

ဘင်ဒန်ဒီသည် အက်ဒီရက်တစ်ပင်လယ်ကမ်းရိုးတန်း မာကေးဒေသတွင် ၁၉၃၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ငလျင်လှုပ်ခတ်မည်ဖြစ်ကြောင်း ၁၉၂၃ ခုနှစ်ကပင် ဟောကိန်းထုတ်ခဲ့သည်။ ငလျင်သည် ၎င်းခန့်မှန်းထားသည့်ရက်နှင့် နှစ်ရက်မျှခြား၍ လှုပ်ခတ်ခဲ့ရာ နာမည်ကျော်အီတလီသတင်းစာတစ်စောင်က ဘင်ဒန်ဒီကို ငလျင်လှုပ်ခတ်မှုအား ကြိုတင်ခန့်မှန်းနိုင်သူအဖြစ် ချီးမွမ်းဖော်ပြခဲ့ဖူးသည်။

ဘင်ဒန်ဒီသည် တဖြည်းဖြည်းနာမည်ကျော်ကြားလာရာ ၁၉၂၇ ခုနှစ်၌ အီတလီဖက်ဆစ်အာဏာရှင် မူဆိုလီနီကိုယ်တိုင်က သူရဲကောင်းဘွဲ့တံဆိပ်ချီးမြှင့်ပေးခဲ့သည်အထိဖြစ်သည်။ ၎င်း၏ဘဝတစ်သက်တာတစ်လျှောက် လုပ်ဆောင်ခဲ့သော နက္ခတ္တဗေဒဆိုင်ရာလေ့လာမှုများကို နှောင်းခေတ်နာမည်ကျော် နက္ခတ္တဗေဒပညာရှင်များကလည်း အထူးတလည်လေ့လာခဲ့ကြသည်။

အင်တာနက်။

မောင်းသူမဲ့ရဟတ်ယာဉ် ပထမဦးဆုံးစမ်းသပ်ပျံသန်းမှု တရုတ်လေကြောင်းကုမ္ပဏီများ အောင်မြင်စွာ လုပ်ဆောင်

ကျိုနန် မေ ၈

တရုတ်နိုင်ငံက တည်ဆောက်ခဲ့ဖူးသမျှ အရွယ်အစား အကြီးမားဆုံးဖြစ်သော မောင်းသူမဲ့ရဟတ်ယာဉ်တစ်စင်းကို မေ ၇ ရက်က ရှန်တုန်ပြည်နယ် ဝေဖန်းမြို့၌ ပထမဦးဆုံးအကြိမ်ဖြင့် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

ဝေဖန်းတီယန်ရှင်း အာကာသစက်မှုလုပ်ငန်းကုမ္ပဏီ၏ ပျံသန်းမှုစမ်းသပ်ရေးစခန်းတွင် မောင်းသူမဲ့ရဟတ်ယာဉ် စမ်းသပ်မှုကို ၁၀ မိနစ်ကြာ လုပ်ဆောင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗွီ-၇၅၀ မောင်းသူမဲ့ရဟတ်ယာဉ်သည် ကုန်အလေးချိန် ၈၀ ကီလိုဂရမ် သယ်ဆောင်နိုင်စွမ်းရှိပြီး တစ်နာရီလျှင် အမြင့်ဆုံးမြန်နှုန်း ၁၆၁ ကီလိုမီတာဖြင့် လေးနာရီကြာ ပျံသန်းနိုင်စွမ်းရှိသည်။

အဆိုပါ မောင်းသူမဲ့ရဟတ်ယာဉ်ကို ကီလိုမီတာ ၁၅၀ အဝန်းအဝိုင်းအတွင်းမှလည်း လူသားများက ထိန်းချုပ်မောင်းနှင်နိုင်ပြီး ထည့်သွင်းထားသည့် ကွန်ပျူတာအစီအစဉ်အားဖြင့်လည်း ၎င်းဘာသာ၎င်း အလိုအလျောက်မောင်းနှင်နိုင်သည်။

ယင်း ရဟတ်ယာဉ်ကို စစ်ရေးနှင့် အရပ်ဘက် ရည်ရွယ်ချက်နှစ်မျိုးစလုံးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ပြီး ထောက်လှမ်းရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် သိပ္ပံပညာစူးစမ်းလေ့လာရေးလုပ်ငန်းများတွင် မကြာမီ အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းရဟတ်ယာဉ်ကို ဝေဖန်းတီယန်ရှင်းအာကာသစက်မှုလုပ်ငန်းနှင့် တရုတ်အမျိုးသား လေကြောင်းနည်းပညာ သွင်းကုန်နှင့် ပို့ကုန် ကော်ပိုရေးရှင်းအပါအဝင် စက်မှုလုပ်ငန်းအဖွဲ့အစည်းများပူးပေါင်း၍ ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်း တည်ဆောက်ခဲ့သည်။

အမ်အန်အေ၊ဆင်ဟွာ

စာဖတ်ရှိန်မြှင့်တင်ရေးကြိုးပမ်းချက်

မင်းသန်းလှိုင်

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၀ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အထက်ပါမြို့နယ်နှစ်မြို့နယ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ပြိုင်ပွဲအသီးသီးအတွက် ခေါင်းစဉ်များအဖြစ် "ကျွန်တော်/ကျွန်မ ဖတ်ခဲ့ဖူးသော စာအုပ်တစ်အုပ်"၊ "ကျွန်တော်/ကျွန်မတို့ကျောင်းစာကြည့်တိုက်"နှင့် "အလိမ္မာ စာမှာရှိ"စသည်တို့ ဖြစ်သည်။

ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စေတနာရှင်အသီးသီးတို့ကလည်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာပေဖတ်ရှုမှုအရှိန် ပိုမိုမြင့်မားလာစေရေးအတွက် မြို့ပြမှသည် ကျေးလက်ဒေသများပါမကျန် စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခဲ့သည်။ ကျေးလက်ဒေသများတွင် ဖွင့်လှစ်ပေးခဲ့သည့် စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်ရှိခဲ့ပြီဖြစ်သည်။ **ကို စနစ်တကျနှင့် အရှည်သဖြင့် ထိန်းသိမ်းထားရှိနိုင်မည့်နေရာမှာ စာကြည့်တိုက်များပင် ဖြစ်သည်။**

မျက်မှောက်ကာလသည် ရှေးခေတ်နှင့်မတူဘဲ ကြီးပွားရေးလုပ်ငန်းဟူသမျှကို အပြိုင်အဆိုင် လုပ်ကိုင်ဆောင်ရွက်နေကြရသည့်အချိန်ဖြစ်သည်။ ကြီးပွားတိုးတက်ရေးကို အထောက်အကူဖြစ်စေသောစာများကို မဖတ်ပါက သိအပ်သလောက်မသိသဖြင့် ကြီးပွားတိုးတက်ရေးပြိုင်ပွဲတွင် နောက်ကျန်၍ နေရမည်မှာ သေချာသည်။

စာပေပညာရှင်တစ်ဦးက "စာဖတ်ခြင်းသည် အသိကိုတိုးစေ၍ မှားသော အစွဲအလမ်းကို ပျောက်စေသည်။ စာဖတ်ခြင်း၌ မသိသောအရာဟူသမျှကို သိရန်၊ မှတ်ရန်မဟုတ်ဘဲ အကျိုးများစွာ ယုတ်စေတတ်သော အယူအစွဲအားလုံးကိုပင် ပျောက်စေနိုင်သည်။ ရှေးနည်းတစ်ခုကို ကောင်းသည်ထင်၍ အမြဲပင် အသည်းစွဲမှတ်ထားသူတစ်ယောက်သည် ယခုခေတ် ကာလ 'စာ' ကို ဖတ်သဖြင့် ထိုနည်းလမ်းထက် ကောင်းသောနည်းလမ်းကို ရရှိလျက် တိုးတက်သောအသိကို ရနိုင်လေသည်"ဟု ဆိုထားသည်။

စာဖတ်လျှင် ပင်ကိုဉာဏ်ရရှိနိုင်ပြီး စာမဖတ်လျှင် ပင်ကိုဉာဏ်မရနိုင်ပေ။ ပင်ကိုဉာဏ်မရက မကြီးပွားနိုင်၊ လူသာမန်ဖြစ်ဖို့သာရှိလေသည်။ အမှန်တွင် စာကိုဖတ်တတ်ဖို့ရန် စာဖတ်ခြင်းမဟုတ်၊ တတ်သိလိမ္မာရန် စာဖတ်ခြင်း ဖြစ်ပါ၏။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာ စာမှာရှိ" ဟူသော စကားများသည် စာဖတ်ခြင်း၏အဖိုးတန်မှုကို မီးမောင်းထိုးပြလျက်ရှိသော ညွှန်းဆိုချက်များပင် ဖြစ်သည်။

ကျွန်တော်တို့သည် ကိုယ်တွေ့ဖြင့် မည်သည့်အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကုန်စင်အောင် မသိနိုင်၊ နှစ်ပေါင်းများစွာကြုံတွေ့ရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိတရားများ၊ အတွေ့အကြုံများ၊ ဉာဏ်ပညာ

စာဖတ်လျှင် ပင်ကိုဉာဏ်ရရှိနိုင်ပြီး စာမဖတ်လျှင် ပင်ကိုဉာဏ်မရနိုင်။ ပင်ကိုဉာဏ်မရက မကြီးပွားနိုင်၊ လူသာမန်ဖြစ်ဖို့သာရှိ။ အမှန်တွင် စာကိုဖတ်တတ်ဖို့ရန် စာဖတ်ခြင်းမဟုတ်၊ တတ်သိလိမ္မာရန် စာဖတ်ခြင်းဖြစ်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ" ဟူသော စကားများသည် စာဖတ်ခြင်း၏အဖိုးတန်မှုကို မီးမောင်းထိုးပြလျက်ရှိသော ညွှန်းဆိုချက်များပင်ဖြစ်။

နိုင်ငံတစ်ဝန်းစာကြည့်တိုက်များ တိုးတက်လာသည်နှင့်အမျှ ပြည်သူများ အသိဉာဏ်ပညာ၊ ဗဟုသုတတိုးပွားလာကာ အသိမှန်၊ အမြင်မှန်၊ အတွေးအခေါ်မှန်လာမည်ဖြစ်သည်။ ဤသည်နှင့်အတူ နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းပုံကို စာပေပညာရှင် အသီးသီးတို့က ဆိုမိန့်ခဲ့ကြသည်။ ယင်းအဆိုအမိန့်များကို လေ့လာသိရှိနိုင်ရန် ဖော်ပြလိုက်ပါ၏။

* လူကို စိတ်ကအုပ်ချုပ်၏၊ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏၊ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးကို ဖတ်ကြကုန်လော့။

ဆရာကြီးပီမိုးနင်း

* စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကို ဖွင့်သည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးကိုပိတ်ထားသည်နှင့်တူ၏။

ဆရာကြီးဦးပဂျီဗို

* အနားမှာ စာအုပ် မထားခဲ့သော် ဘဝတံခါးကြီးပိတ်နေလိမ့်မည်။

ဆရာကြီးဒဂုန်ဦးစန်းငွေ

* စာအုပ်စာပေသည် ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။ ဗဟုသုတပေးဝေ၍။ စိတ်အားငယ်က တက်ကြွစေ၏။ မာန်လွန်ကဲလျှင် သတိနှင့်ယှဉ်၏။ တရားဓမ္မလမ်းညွှန်ပြ၏။ လောကုတ်လောကီ အဆီအနှစ်၊ အသစ်အကောင်း စုပေါင်းပညာ၊ ဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏။

ဆရာကြီးမန်းတင်

* စာအုပ်သည် အကောင်းဆုံးမိတ်ဆွေ၊ စာအုပ်ကိုလေ့လာလိုလျှင် စာအုပ်များစုဝေးသည့် စာကြည့်တိုက်ကို အသုံးပြုရ၏။ပညာပေါင်းစုံ လေ့လာနိုင်သော နေရာဖြစ်သည့် စာကြည့်တိုက်သည် အကောင်းဆုံး တက္ကသိုလ်ဖြစ်။

ဆရာကြီးဦးသော်ကောင်း

ဤစာရေးသူ၏အမြင်ကိုတင်ပြရလျှင် ကျေးရွာတစ်ရွာတွင် စာကြည့်တိုက်တစ်ခု ဖွင့်လှစ်နိုင်ပြီဆိုသည်နှင့် ထိုကျေးရွာရှိ ပြည်သူလူထုအနေဖြင့် အသိပညာ၊ အထွေထွေဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရန် လမ်းစတွေ့ပြီဟု ဆိုနိုင်သည်။အဘယ်ကြောင့်ဆိုသော် စာအုပ်စာပေသည် လူ့ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲအောင် စွမ်းဆောင်နိုင်သောကြောင့် ဖြစ်၏။

အမှန်ဆိုရလျှင် စာအုပ်ဟူသည် လူတို့ကို အသိပညာပေးရန်နှင့် စိတ်ဖျော်ဖြေမှုပေးရန် အကောင်းဆုံးနှင့် အထိရောက်ဆုံးသော လူထုဆက်သွယ်ရေးကြားခံပစ္စည်းတစ်ခုဖြစ်သည်။ ထိုကြားခံပစ္စည်းဖြစ်သော စာအုပ်များကို စုစည်းထားသောစာအုပ်စာပေများ ဖတ်ရှုမှသာ လုံလောက်သော အသိပညာကိုရရှိနိုင်မည် ဖြစ်သည်။

လူ၏ အသက်သေသည့်တိုင်အောင် ဗဟုသုတ၊ အသိအလိမ္မာကို မိမိ တစ်ဦးတည်း၏ ကြိုးပမ်းမှုသက်သက်ဖြင့် ပြည့်စုံအောင် မရနိုင်ပေ။ မိမိ၏ ရှေ့မှဖြတ်သန်းလာကြသောပုဂ္ဂိုလ်ကြီးများ၏ အတွေ့အကြုံများ၊ စာပေများကို လေ့လာမှတ်သားမှသာလျှင် အကျိုးရှိသော အသိကို ပြည့်စုံစွာရရှိနိုင်မည် ဖြစ်သည်။

စာအုပ်တစ်အုပ်ကို ဖတ်ရန် ရွေးချယ်မည်ဆိုပါက စာရေးဆရာ၏ဘဝ တစ်စွန်းတစ်စကိုသိရှိရန် လိုသကဲ့သို့ ၎င်းရေးသော စာအုပ်ကိုဖတ်လျှင် မိမိအတွက်အသိအလိမ္မာ၊ ဉာဏ်ပညာလုံလောက်စွာရနိုင်၊ မရနိုင်လေ့လာ ဆန်းစစ်ဖို့ လိုပေမည်။ လူမွဲတစ်ဦးက သူဌေးဖြစ်နည်းစာအုပ်ကို ရေးလျှင် ထိုစာကိုဖတ်ခြင်းကြောင့် သူဌေးဖြစ်မည်မဟုတ်ပေ။

စာမဖတ်သူ တစ်ဦးအဖို့ တိုးတက်ကြီးပွားသည်ဆိုအံ့၊ တစ်ခဏသာ ဖြစ်ပါလိမ့်မည်။ စာဖတ်သူအဖို့မူ သေမှသာ သူ့ဘဝတိုးတက်မှု ရပ်ပေလိမ့်မည်။

ယနေ့ အခြေအနေတွင် စာကြည့်တိုက်များသည် ပြည်သူများ၏ လက်တစ်ကမ်းတွင် ရှိနေပြီဖြစ်သည်။ ဖတ်ရှုလေ့လာလိုသော စာအုပ်စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စာကြည့်တိုက်များတွင် ထားရှိပေးထားပြီး ဖြစ်သည်။ ပြည်သူများစာကြည့်တိုက်သို့ သွားရောက်၍ ဖတ်ရှုလိုသော စာပေများကို အချိန်ပေးကာ လေ့လာဖတ်ရှုနိုင်ပေသည်။

ပို၍ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကို တည်ထောင်ထားပြီးဖြစ်သဖြင့် စာကြည့်တိုက်များ တစ်နေ့တခြား တိုးပွားလာဖို့သာ ရှိပါ၏။ စေတနာရှင်၊ အလှူရှင်များကလည်း အလှူငွေနှင့် စာအုပ်စာစောင်များကို စေတနာထက်သန်စွာဖြင့် လှူဒါန်းလျက်ရှိကြသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကဦးစီး၍ မီဒီယာကော်နာဆိုင်များကို ရန်ကုန်မြို့တွင် ရှေ့ပြေးအနေဖြင့် စမ်းသပ်ဖွင့်လှစ်လိုက်ခြင်းသည်လည်း စာပေဖတ်ရှုလေ့လာသူများအတွက် အားတက်စရာပင် ဖြစ်သည်။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည်နှင့်အညီ စာကြည့်တိုက်များ၊ မီဒီယာကော်နာ စာအုပ်ဆိုင်များ တိုးပွားများပြားလာခြင်းသည် ပညာခေတ်၏ စိန်ခေါ်မှုများကို တုံ့ပြန်ဖြည့်ဆည်းလိုက်ခြင်းဖြစ်၍ ပြည်သူများအတွက် အားရကျေနပ်ဖွယ် ကောင်းလှပါ၏။ စာအုပ်စာပေ၏ အဖိုးတန်သော အသီးအပွင့်များကို ပြည်သူများ ဝဝလင်လင် ခံစားကြရတော့မည်ဖြစ်၍ နိုင်ငံသားပြည်သူတစ်ဦးအနေဖြင့် ပီတိသောမနဿဖြစ်ရပါကြောင်း တင်ပြရပါ၏။ ။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၈

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဆောင်းပါးပြိုင်ပွဲကို "မြတ်နိုးစရာမေမြန်မာ ပြည်ရွာအကျိုး ဆောင်သယ်ပိုး"ဟူသောခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူများကို စာလုံးရေ သုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရန်၊ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရန်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့် ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကာ ပြိုင်ပွဲဝင် ဓာတ်ပုံများသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲ ပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Websiteများ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်များ၊ ဆုရရှိသူများက သဘောတူခွင့်ပြုရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးရေး၊ ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးရေး၊ ဓာတ်အားရောင်းရငွေများ အပြည့်အဝရရှိရေး အမှတ်(၂)လျှပ်စစ် ဒုတိယဝန်ကြီးမှာကြား

နေပြည်တော် မေ ၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၅ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မင်းလှမြို့အနီးရှိ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မင်းလှဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းနှင့် ရွှေတောင်မြို့အနီးရှိ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးရေး၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ သန့်ရှင်းကြံ့ခိုင်ကောင်းမွန်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဗို့အားပြည့်ဝစွာဖြင့် ဓာတ်အားဖြန့်ဖြူးရေး၊ ဓာတ်အားရောင်းရငွေများ အပြည့်အဝရရှိရေးနှင့် ပြည်သူအားကိုးသော ဝန်ထမ်းကောင်းများ ဖြစ်ရေးတို့အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၈

ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၆ ရက်နှင့် ၇ ရက်တို့တွင် မြစ်ကြီးနားမြို့ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်မှူး ဦးကြည်လင်က ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များ ကျေပွန်အောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် မှာကြားပြီး ပြည်နယ်ဦးစီးမှူးက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများမှ ဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်း၌ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ပညာပေး သရုပ်ပြ

ရန်ကုန် မေ ၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်ပညာပေးသရုပ်ပြပွဲကို ဧပြီ ၂၉ ရက်တွင် ခရမ်းမြို့ အမှတ်(၁၀) ရပ်ကွက် ဘောလုံးကွင်းအတွင်း၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်လူနာ ကယ်တင်ပြုစုရေးလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ပြသခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်ခဲ့

နေပြည်တော် မေ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Center (NCC) ၌ ကျင်းပသော (၁၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး(14th ASEAN + 3 Finance Minister's Meeting) နှင့် မေ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသော (၄၄)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး (44th Asian Development Bank Annual Meeting) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကဏ္ဍမှ ကူညီပံ့ပိုးပေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ National Convention Center (NCC) ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရေး အခြေပြစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်၍ အခြားအာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးပြီး မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ +၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda က ဒေသတွင်း စီးပွားရေးအလားအလာများနှင့် မူဝါဒရေးရာ စိန်ခေါ်မှုများကို တင်ပြရာ ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး၏ ပူးတွဲသဘာပတိများက အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု (ASEAN + 3 Financial Cooperation) အရ ဆောင်ရွက်လျက်ရှိသည့် အာရှငွေချေးစာချုပ်ဈေးကွက်များ အကောင်အထည်ဖော်မှုအစီအစဉ် (Asian Bond Market Initiative - ABMI)၊ ဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေးဆိုင်ရာများ (Chiang - Mai Initiative Multilateralization CMIM)နှင့် အာဆီယံ+၃ သုတေသနလုပ်ငန်းအုပ်စု (ASEAN +3 Research Group) တို့၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို တင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများက ရှေ့ဆက်လက်ဆောင်ရွက်ရန်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် အာဆီယံ +၃ ဘဏ္ဍာရေးဝန်ကြီးများသည် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မေ ၅ ရက် နံနက်ပိုင်းတွင် National Convention Center (NCC)၌ စတင်ကျင်းပသည့် (၄၄)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အခမ်းအနားတွင် သဘာပတိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Nguyen Van Giau က အဖွင့်အမှာစကားပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Tan Dung နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးငယ်များအား ကိုယ်ကျင့်တရား၊ စည်းကမ်းကောင်းမွန်အောင်နှင့် တိုင်းပြည်ချစ်စိတ်ရှိအောင် လေ့ကျင့်သင်ကြား

နေပြည်တော် မေ ၈

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် တိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင် လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း(မကွေး)နှင့် ပညာရေးကောလိပ် (မကွေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပညာရေးကောလိပ် အားကစားခန်းမ၌ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများသို့ တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

ပညာရေးကောလိပ်(မကွေး)တွင် တက္ကသိုလ်ဝင်တန်းအောင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၅)၌ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှ သင်တန်းသား ၇၄ ဦး၊ သင်တန်းသူ ၁၆၄ ဦး၊ ဘွဲ့ရလုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်း အမှတ်စဉ်(၇)၌ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၂၅၃ ဦး၊ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်နှင့် ချင်းပြည်နယ်တို့ရှိ လုပ်ငန်းခွင်များမှ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြ သင်တန်းသား ဆရာ ၂၆ ဦး၊ သင်တန်းသူ ဆရာမ ၁၆၂ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်သို့ရောက်ရှိသည့်အခါ မိမိတို့ သင်ကြားရသော ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားနိုင်ရေးအပြင် ကလေးငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ စည်းကမ်းကောင်းမွန်အောင်နှင့် တိုင်းပြည်ချစ်စိတ်ရှိအောင် လေ့ကျင့်သင်ကြားပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တန်ဖိုးထားနားလည်အောင် သင်ကြားပေးရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေစေရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားသွားရေးအတွက် ပညာပေးစည်းရုံးသွားရန်၊ မိမိတို့တာဝန်ကျရာ အရပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထားပြီး ပါဝင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ပညာရေးကောလိပ် (မကွေး) အားကစားခန်းမ၌ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းများသို့ တက်ရောက်နေကြသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် "ပီပီ" တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ပါဝင်ပြသ

ရန်ကုန် မေ ၈

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ မေ ၅ ရက်မှ ၉ ရက်အထိ ပြသလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် "ပီပီ" တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ပါဝင်ပြသလျက်ရှိသည်။

ပီပီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ လင်ဇီးမှိုမှအဆီထုတ်၍ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် လင်ဇီးဒဏ်ကျေလိမ်းဆေးမှာ အရိုးအကြောအဆစ်၊ ကြွက်သား၊ အရေပြား၊ ခေါင်း၊ ဇက်ကြောနှင့် လက်၊ ဒူး၊ ခါးတို့နှင့် ပတ်သက်သော ရောဂါများကိုလည်းကောင်း၊ ပီပီ အကြောပြေလိမ်းဆေးသည် အကြော၊ ကြွက်သား၊ အရိုးအဆစ်နှင့် ပတ်သက်သောရောဂါများကိုလည်းကောင်း၊ လင်ဇီးရင်လူးဆေးမှာ ရင်ဘတ်၊ ဝမ်းဗိုက်၊ ရင်ကျပ်၊ လည်ချောင်းယား၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ အစာမကြေခြင်းတို့ကိုလည်းကောင်း၊ အရိန္ဒမာ ရှူလိမ်းဆေးရည်မှာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ယူကလစ်ပင်များမှ ဆီနှင့် ပရုတ်ပင်များမှ အဆီထုတ်၍ ရောစပ်ပြုလုပ်ထားကာ နှာစေးခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ အရိုး အဆစ်ကိုက်ခဲခြင်း၊ နာကျင်ခြင်းများကို ပျောက်ကင်းစေနိုင်ကြောင်းနှင့် အမှတ် (၁၁၂၉) သုမန(၃)လမ်း (၁၆/ ၄) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၆၁၆၀၁၊ ၅၇၁၃၅၂၊ မန္တလေးမြို့ ဖုန်း-၀၂-၆၅၆၉၂၊ ၀၉-၆၅၀၀၄၁၉ နှင့် အမှတ်(၁/၁၃၆) ဦးထွန်းညိုလမ်း ဒဂုံ အရှေ့စက်မှုဇုန်စက်ရုံ ရန်ကုန်မြို့ ဖုန်း-၅၈၅၂၃၈ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းဆောင်ရွက်

မြစ်ကြီးနား မေ ၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒူကထောင်ရပ်ကွက် ဒူဝါလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုအား မေ ၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

✪ ခရီးသည်မှ

သဘော်ဆယ်ယူပြီးချိန်တွင် ကူးတို့ယာဉ်လေးစင်းဖြင့် အလှည့်ကျ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်မြို့လယ်ကောင်ကို ငါးမိနစ်၊ ၁၀ မိနစ်အတွင်းမှာပဲ ရောက်နိုင်တဲ့ကူးတို့ဖြစ်ပါတယ်။ ဖျာပုံ၊ ဒေးဒရဲ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဘိုကလေး၊ မော်ကျွန်း အဲ့ဒီကလာတဲ့ကားတွေ ဒလမှာလာပြီး ဂိတ်ဆုံးတယ်။ အဲ့ဒီဒလကနေပြီးတော့ ကျပ် ၁၀ ပေးပြီး ကူးတို့ကူးလိုက်တာနဲ့ ရန်ကုန်မြို့လယ်ကို ရောက်တယ်။ ဒဂုံ ဧရာအဝေးပြေးတို့၊ လှိုင်သာယာဘက်တို့ဆိုတာက မြို့ထဲကို တစ်ဆင့်ပြန်လာဖို့က အချိန်ပေးရသေးတယ်။ ပန်းဆိုးတန်း-ဒလကူးတို့ကတော့ အလွယ်ကူဆုံးနဲ့ ဈေးနှုန်းသက်သာတဲ့အတွက် ကူးသန်းမှုပိုများတာဖြစ်ပါတယ်" ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာဂစ်မုန်တိုင်းကြောင့် ပန်းဆိုးတန်း-ဒလ ပြေးဆွဲပေးနေသည့် ကူးတို့ယာဉ် သုံးစင်းရှိသည့်အနက် ကျန်စစ်သား ရေယာဉ်မှာ ဒလဘက်ကမ်းတွင် နစ်မြုပ်သွားခဲ့သည်။ ကျန်စစ်သားရေယာဉ်ကို ပြန်လည်ဆယ်ယူပြုပြင်နေချိန်တွင် ယင်းအစား ထီးလှိုင်ရှင်အမည်ဖြင့် ပုံစံတူ ကူးတို့ယာဉ်တစ်စင်းကို အစားထိုး ပြေးဆွဲပေးခဲ့သည်။ ကျန်စစ်သား ကူးတို့ယာဉ် ပြုပြင်ပြီး ကူးတို့လိုင်းတွင် ပြန်လည်ပြေးဆွဲသည့်အခါ၌ ကူးတို့ယာဉ် စုစုပေါင်း လေးစင်းထိ ရှိလာခဲ့သည်။ ယင်းလေးစင်းထဲမှ နေ့စဉ် ကူးတို့ယာဉ် နှစ်စင်းပြေးဆွဲပေးပြီး ယင်းနှစ်စင်း အခက်အခဲဖြစ်ပေါ်ခဲ့ပါက အစားထိုး ပြေးဆွဲနိုင်ရန်အတွက် တစ်စင်းသည် မြစ်လယ်တွင် အသင့်အနေအထားဖြင့် ကျောက်ချရပ်နားကာ တစ်စင်းသာအနားယူကြောင်း သိရသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၉-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၅၅ ၈။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၃၉)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၁၉)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေးသုံးပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk Of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၈)**
၂၅။ Mini Series

❍ ကျောဖုံးမှ

ဦးစိုင်းကျော်မိုးက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများနှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မြို့နယ်အင်ဂျင်နီယာရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)ရုံးနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လားရှိုးမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများနှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးဘူတာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ပဲခူးဘူတာကို ကြည့်ရှုစစ်ဆေးပြီး ဘူတာအတွင်းအပြင် သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရေး၊ ဝင်ငွေလျော့ထားချက် တိုးမြှင့်အကောင်အထည်ဖော်ရေး၊ ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၇ ရက်တွင် တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်ဘုရား ထီးတော်တင်ပွဲသို့ တက်ရောက်ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် တောင်ငူမြို့ အားကစားကွင်း၌ ကျင်းပသော (၁၉)နှစ်အောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးဗိုလ်လုပွဲကို ကြည့်ရှုအားပေးကာ ဒုတိယဆုရ တောင်ငူခရိုင်နှင့် ပထမဆုရ ပဲခူးခရိုင်အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ထို့နောက် တောင်ငူကျုံးပတ်လည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မေ ၈ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့ တက်ရောက်၍ ထူးချွန်ကြက်ခြေနီများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ဇွန် ၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ကာတွန်းပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ပန်းချီပြိုင်ပွဲကိုလည်းကောင်း လသာမြို့နယ် အထက(၂) မြည်လာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇွန် ၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ် ရွှေပြည်သာမြို့နယ်၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ပိုစတာပြိုင်ပွဲကို အထက(၂)လသာ မြည်လာခန်းမ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ် ကျင်းပ

နေပြည်တော် မေ ၈

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်း အခမ်းအနားကို မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့ စည်ပင်သာယာရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ဧပြီ ၃၀ ရက်တွင် ကျရောက်သော ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့၌ မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ရုံးတွင် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက မြို့ပေါ်ရပ်ကွက်များမှ အိမ်မွေးခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး(အခမဲ့) ထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတောင်းမြို့၌ အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာအုပ်စု ဆိတ္တဲအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီတွင် ပန်းတောင်းမြို့ အထကခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)တွင် မှန်ချီနှင့် မဟိဒ္ဓိတိုင်းရင်းဆေးဝါးများ ပါဝင်ပြသ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး) အသင်းခွဲက ကြီးမှူး၍ မေ ၅ ရက်မှ ၉ ရက်(ယနေ့)အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)တွင် မှန်ချီနှင့် မဟိဒ္ဓိတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများမှ ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

မှန်ချီတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော သလိပ်ပျော်အသံကောင်းဆေး၊ ဒဏ်ကြေအကြောပြေလိမ်းဆေး၊ ဆီးပူဝမ်းပုပ်ကျမှန်ချီဆီးရွှင်ဝမ်းမှန်ဆေး အပါအဝင် တိုင်းရင်းဆေးများကို နိုင်ငံတကာအဆင့်မီ စက်ကိရိယာများ အသုံးပြု၍ ခေတ်မီနည်းစနစ်များနှင့်အညီ စံချိန်စံညွှန်းမီ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလက်ရှိပြီး ပြပွဲပြီးပါက မှန်ချီသမားတော်ကြီး ဦးလှဌေး၊ ဆရာမဒေါ်တင်နွယ်ဦး မြစ်ပွားနာ၊ ဂရင်ဂျီနာ၊ လိပ်ခေါင်း၊ အရေပြား၊ အနာပေါက်နှင့်အမျိုးသမီး မီးယပ်ရောဂါအထူးကု မှန်ချီဆေးတိုက် အမှတ်(၂၆၁) ရွှေဘုံသာလမ်း ရန်ကုန်မြို့ ဖုန်း-၃၈၄၆၅၁၊ ၃၇၅၁၀၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

မဟိဒ္ဓိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ အဖုအကျိတ်မြစ်ပွားနာ၊ သားအိမ်အလုံး၊ ရင်သားအကျိတ်ရောဂါများအတွက် ကာကွယ်ရန်နှင့် ကုသရန်အကောင်းဆုံးနှင့် အထိရောက်ဆုံး တပင်တိုင်မြနန်းအနီရုပ်လုသွေးသန့်ဆေးနှင့်ဝမ်းပျော့ အကြောပြေလေဆေး၊ အစာအိမ်၊ ချောင်းဆိုးနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါပျောက် ဆေးများ၊ အပါအဝင် တိုင်းရင်းဆေးများကို သုံးစွဲသူ ပြည်သူများ ရောဂါဘယကင်းဝေးရေးအတွက် ခေတ်မီနည်းစနစ်များကို အသုံးပြုကာ စံချိန်စံညွှန်းမီ ထုတ်လုပ် ရောင်းချလျက်ရှိပြီး ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး တိုက်(၂၀၁) အခန်း(၃) ရန်ရှင်းလမ်း(၁၂လုံးတန်း) ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၀၁၁၁၃ နှင့် အမြို့မြို့အနယ်နယ်ရှိ တိုင်းရင်းဆေးဆိုင်များနှင့် အဆင့်မြင့်ကုန်တိုက်ကြီးများတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။

(ကြေးမုံ)

မြန်မာ့တိုင်းရင်းဆေးပြပွဲ (၂၀၁၁)စတုတ္ထနေ့တွင် မဟိဒ္ဓိတိုင်းရင်းဆေး အရောင်းပြခန်း၌ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၁၁ (တနင်္လာနေ့)
[၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၁၀။ "ချစ်တတ်ကြရအောင်"
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Grand Royal Cup-2011 ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေး FC နှင့် ကမ္ဘောဇ FC)
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၀ ၃။ အကပဒေသာ
- ၅:၂၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၃၀ ၅။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၉)**
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ" (အပိုင်း-၂၆)**
- ၁၅။ အစီအစဉ်ပြီး၏။

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

စည်ပင်သာယာရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးမှာကြား

နေပြည်တော် မေ ၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြက်ခြေနီစိတ်ဓာတ်နှင့်စွမ်းရည်ကို ထက်မြက်အောင် ပျိုးထောင် ဥပဒေနှင့် စည်းကမ်းများကို တိတိကျကျ စောင့်စည်းလိုက်နာရန်လို ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ

ရန်ကုန် မေ ၈

ဘေးဒုက္ခရောက်သူများကို ထိရောက်သောကူညီစောင့်ရှောက်မှုပြုပေးရန်နှင့် အရေးပေါ်ကူညီနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း၊ ထူးချွန်သောမျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေချိန်တွင် မျိုးဆက်သစ်ကြက်ခြေနီလူငယ်များအား မွေးထုတ်ပေးနေသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးကို နိုင်ငံတော်အစိုးရက အမျိုးသားအဆင့် နိုင်ငံ့အကျိုးပြုစွမ်းအားစုတစ်ရပ်အဖြစ် တိုးချဲ့ဖွဲ့စည်းစေခဲ့ကြောင်း၊ ကြက်ခြေနီစိတ်ဓာတ်နှင့် စွမ်းရည်ကို ပြည့်ဝထက်မြက်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရန်အင်အားစုဖြစ်သည့်အတွက် ဥပဒေနှင့် စည်းကမ်းများကို တိတိကျကျ စောင့်စည်းလိုက်နာရန် လိုအပ်ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား၌ မှာကြားသည်။

တစ်ဆက်တည်းပင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်ဖြစ်သည့် စေတနာ လုပ်အားရှင်စိတ်ထား သင့်ရင်ထဲမှာပွား Volunteerism နှင့်အညီ အားလုံး လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးပြု လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ် ပြန့်ပွားရေး စံနမူနာပြ ကြက်ခြေနီခေါင်းဆောင် လူငယ်များဖြစ်ပြီး ကြက်ခြေနီလူငယ်များအား ဦးဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေက ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ထူးချွန် ကြက်ခြေနီများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။ အခမ်းအနား အပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားမှု များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြ ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၁ ခုနှစ် ကမ္ဘာ့ ကြက်ခြေနီနေ့ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❊ သစ်တောထွက်မှ

အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မေ ၇ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စက်ဆန်း သစ်ဆိပ်ရှိ အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် သစ်လုံး လပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း သဘောင်္တင်ဌာနစု ကွန်တိန်နာဝင်း (ခွဲသား)၌ ပြည်ပတင်ပို့ရန် ကွန်တိန်နာ တွင်းသို့ သစ်ခွဲသားနှင့်အထပ်သားများ ထည့်သွင်းနေမှု၊ ဗိုလ်တထောင်မြို့နယ် ကုန်းတွင်း ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆူးလေဆိပ်ကမ်း အမှတ်(၄) ဆိပ်ခံတံတား၌ ပြည်ပတင်ပို့မည့် သစ်လုံးများ အား သင်္ဘောပေါ်သို့ တင်ဆောင်နေမှု တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုး ထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၂၆ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ စစ်ကိုင်းမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ၅၀ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၂၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာ ကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင်နေရာ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း များ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❒ ကျောဖုံးမှ

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ တွင် သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယား ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား မြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့ တို့တွင် ၇၅ စင်တီမီတာ(နှစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာ နိုင်သည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရွှေထည်ပစ္စည်း ၁၄ သိန်းကျော်ဖိုး လုယက်သူများ အလုပ်ကြမ်းနှင့် ထောင်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်

ရမည်းသင်း မေ ၈

ရမည်းသင်းမြို့နယ် တရားရုံးက မောင်မောင်ကြီးနှင့် အပေါင်းပါနှစ်ဦး တို့အား ရမည်းသင်းမြို့ ကျောင်းဖြူ ကုန်းရပ်နေ မထိုက်ထိုက်ဦး (၃၅)နှစ် ထံမှ ရွှေထည်ပစ္စည်း ၁၄သိန်းကျော်ဖိုး ကို လုယက်ယူဆောင်သွားမှုဖြင့် မတ် ၁၁ ရက်တွင် အလုပ်ကြမ်းနှင့် ထောင် ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် မထိုက်ထိုက် ဦး၊ ၎င်း၏ရည်းစားဖြစ်သူ မောင်မောင် ကြီးနှင့် အမည်မသိ လူနှစ်ဦးတို့ နေပြည်တော်မှ ဆိုင်ကယ်ဖြင့်ပြန် လာစဉ် ည ၈နာရီခန့်တွင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၉၁/၃) ငှက်သိုက်ရွာဦး ရေချမ်းစင် အနီး မောင်မောင်ကြီးက အိမ်သာသွား လိုသည်ဟုဆိုကာ ဆိုင်ကယ်ပေါ်မှ ဆင်းသွားခဲ့သည်။ ထိုအချိန်တွင် အတူ လိုက်လာသည့် အမည်မသိလူနှစ်ဦးက မထိုက်ထိုက်ဦးအား ရိုက်နှက်ကာ တန်ဖိုးငွေ ကျပ် ၆၅၀၀၀၀တန် ရွှေ ဆွဲကြိုးတစ်ကုံး၊ ငွေကျပ် ၂၂၅၀၀၀ တန် ရွှေလက်ကောက်၊ ငွေကျပ်သုံးသိန်းတန် ဆွဲသီးတစ်ခု၊ ငွေ ကျပ် ၃၅၀၀၀၀ တန် စိန်လက်စွပ်တစ်ကွင်းတို့ကို လုယက် ယူငင်ကာ တပ်ကုန်းမြို့ဘက်သို့ ဆိုင်ကယ်ဖြင့် ပြန်စီးသွားခဲ့ကြသည်။ မောင်မောင်ကြီးမှာလည်း ရောက်ရှိ မလာခြင်းကြောင့် မထိုက်ထိုက်ဦးက ရမည်းသင်းမြို့သို့ ပြန်သွားခဲ့သည်။

အထက်ပါအမှုနှင့် ပတ်သက်၍ မထိုက်ထိုက်ဦးက ရွှေထည်ပစ္စည်း ၁၄၇၂၀၀၀ ဖိုး လုယက်ယူငင်သွားသူ များအား တရားဥပဒေအရ အရေးယူ ပေးပါရန် ၁-၁၀-၂၀၁၀ ရက်တွင် တိုင်ကြား၍ ရဲစခန်းက (ပ)၇၂/၁၀၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရ ဒုတိယရဲအုပ်(အမှုစစ်) ရဲဝင်းက အမှုဖွင့်အရေးယူခဲ့ပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ မောင်မောင်ကြီး (၂၆)နှစ် ဆည်ထိပ်ရွာတန်း ကျေးရွာ ရမည်းသင်းမြို့နယ်နေသူအား ၅-၁၀-၂၀၁၀ ရက်တွင် သံဖြူဇရပ်မြို့၌ လည်းကောင်း၊ အပေါင်းပါနှစ်ဦး ဖြစ်သည့် ကတုံး(ခ)အောင်သူ(၂၃)နှစ် တောင်ငူမြို့နေသူနှင့် အရှည်ကြီး(ခ) စိုးမြင့်လင်း(၂၈)နှစ် တောင်ငူမြို့နေသူ တို့အား ၇-၁၀-၂၀၁၀ ရက်တွင် ရေတာရှည်မြို့၌လည်းကောင်း ဖမ်းဆီး ရမိခဲ့ပြီး ရမည်းသင်းမြို့နယ် ရဲစခန်း တွင် အမှုကို ခိုင်မာစွာတည်ဆောက် ပြီးနောက် ၄-၁၁-၂၀၁၀ ရက်တွင် ရမည်းသင်းမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ပြစ်မှုထင်ရှား သဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (၁၁၅)

ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသများသို့ ရေဖြန့်ဝေ

ညောင်ဦး မေ ၈

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်သည် ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသများသို့ ရေဖြန့်ဝေ ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် နဘူးတော ရေစက်ရုံအမှတ်(၃) အတွင်း စက်ယန္တရားကြီးများ လည်ပတ်နေမှုနှင့် ရေလှောင်ကန်အတွင်း ရေ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ညောင်ဦးမြို့နယ် အတွင်း အရိပ်ရပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ရေပေးရေး စက်ယန္တရားကြီးများ ကြံ့ခိုင်မှု ရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြား သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ထရိုင်းတောရေပေးဝေရေး စက်ရုံသို့ရောက်ရှိကာ ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကျေးလက်ဒေသများသို့ ရေတိုးချဲ့ဖြန့်ဝေနိုင်ရေးအတွက် နည်းလမ်းများရှာကြံရေး၊ ကျေးလက်ရေရရှိရေး ကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးနှင့် လျှပ်စစ်မီးရရှိရေးဆိုင်ရာ ကိစ္စရပ် များကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

(၄၆၉)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၁၀၀	၀. ၀၃၃၁၀၁၆
တရုတ် (ယွမ်)	၆. ၄၉၃၅၀	၀. ၁၅၄၀၀၀
အိန္ဒိယ (ရူပီး)	၄၄. ၇၂၀၀	၀. ၀၂၂၃၆၁၄
မလေးရှား (ရင်းဂစ်)	၃. ၀၀၁၀၀	၀. ၃၃၃၂၂၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၉၃၅	၀. ၈၀၆၈၇၅
ဂျပန် (ယန်း)	၈၀. ၅၅၀၀	၀. ၀၁၂၄၁၄၆
တောင်ကိုရီးယား(ဝမ်)	၁၀၉၉. ၄၅	၀. ၀၀၀၉၀၉၅၄၆
ယူရို	၀. ၆၉၉၀၀၇	၁. ၄၃၀၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၇၄	၁. ၆၃၇၃၅

အင်တာနက်။

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

MFF CUP 2011 ရှုံး/ထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက် လက်ရှိချန်ပီယံ ဉဿာယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့ စောစီးစွာတွေ့ဆုံ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် MFF Cup 2011 ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများအစည်းအဝေးကို မေ ၆ ရက် မွန်းလွဲ ၂ နာရီက အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေ ၂၅ ရက်တွင် စတင်ကျင်းပမည့် MFF Cup ရှုံး/ထွက်ဖလားဘောလုံးပြိုင်ပွဲကို MNL အသင်း ၁၂ သင်း၊ အပျော်တမ်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးလေးသင်း စုစုပေါင်း ၁၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပထမအဆင့်ရှုံး/ထွက်ပွဲစဉ်များကို မေ ၂၅ ရက်၊ ဇွန် ၁၊ ၈၊ ၁၅၊ ၁၆ ရက်များတွင် လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၇၊ ၂၄ ရက်များတွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၁ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကျင်းပမည့်ရက်ကိုမူ မသတ်မှတ်ရသေးပေ။

ပွဲစဉ်ရေးဆွဲမှုအရ လက်ရှိချန်ပီယံ ဉဿာယူနိုက်တက်အသင်းသည် နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် စောစီးစွာ တွေ့ဆုံနေပြီး ဒုတိယဆုရ Southern Myanmar အသင်းမှာ နေပြည်တော်အသင်းနှင့် ကစားရမည်ဖြစ်သည်။

MFF CUP 2011 ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပွဲစဉ်

(ပထမအဆင့်)

ပွဲစဉ်(၁)	၂၅-၅-၂၀၁၁	အပျော်တမ်းအဆင့်(၄)	-	အပျော်တမ်းအဆင့်(၁)	သုဝဏ္ဏ
ပွဲစဉ်(၂)	၂၅-၅-၂၀၁၁	ဧရာဝတီယူနိုက်တက်	-	ရတနာပုံ	အောင်ဆန်း
ပွဲစဉ်(၃)	၁-၆-၂၀၁၁	Southern Myanmar	-	နေပြည်တော်	သုဝဏ္ဏ
ပွဲစဉ်(၄)	၁-၆-၂၀၁၁	ဉဿာယူနိုက်တက်	-	ရန်ကုန်ယူနိုက်တက်	အောင်ဆန်း
ပွဲစဉ်(၅)	၈-၆-၂၀၁၁	ကမ္ဘောဇ	-	မနောမြေ	သုဝဏ္ဏ
ပွဲစဉ်(၆)	၈-၆-၂၀၁၁	အပျော်တမ်းအဆင့်(၃)	-	မကွေး	အောင်ဆန်း
ပွဲစဉ်(၇)	၁၅-၆-၂၀၁၁	ဇေယျာရွှေမြေ	-	အပျော်တမ်းအဆင့်(၂)	သုဝဏ္ဏ
ပွဲစဉ်(၈)	၁၆-၆-၂၀၁၁	ရက္ခပူရယူနိုက်တက်	-	ဇွဲကပင်ယူနိုက်တက်	သုဝဏ္ဏ

(ကွာတားဖိုင်နယ်)

ပွဲစဉ် (၉)	၁၇-၈-၂၀၁၁	ပွဲစဉ်(၁)နိုင်	-	ပွဲစဉ်(၃)နိုင်	သုဝဏ္ဏ
ပွဲစဉ်(၁၀)	၁၇-၈-၂၀၁၁	ပွဲစဉ်(၂)နိုင်	-	ပွဲစဉ်(၄)နိုင်	အောင်ဆန်း
ပွဲစဉ်(၁၁)	၂၄-၈-၂၀၁၁	ပွဲစဉ်(၅)နိုင်	-	ပွဲစဉ်(၇)နိုင်	သုဝဏ္ဏ
ပွဲစဉ်(၁၂)	၂၄-၈-၂၀၁၁	ပွဲစဉ်(၆)နိုင်	-	ပွဲစဉ်(၈)နိုင်	အောင်ဆန်း

(ဆီမီးဖိုင်နယ်)

ပွဲစဉ်(၁၃)	၂၁-၉-၂၀၁၁	ပွဲစဉ်(၉)နိုင်	-	ပွဲစဉ်(၁၁)နိုင်	သုဝဏ္ဏ
ပွဲစဉ်(၁၄)	၂၁-၉-၂၀၁၁	ပွဲစဉ်(၁၀)နိုင်	-	ပွဲစဉ်(၁၂)နိုင်	အောင်ဆန်း

(ဖိုင်နယ်)

ပွဲစဉ်(၁၅)	မသတ်မှတ်ရသေး	ပွဲစဉ်(၁၃)နိုင်	-	ပွဲစဉ်(၁၄)နိုင်	သုဝဏ္ဏ

သရေရလဒ်ကြောင့် ဇေယျာရွှေမြေထိပ်ဆုံးမှဖယ်ရ ဉဿာကိုအနိုင်ကစားထားသည့်ရန်ကုန် ထိပ်ဆုံးသို့ရောက်ရှိ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် မေ ၈

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၇) ဒုတိယနေ့ ပွဲစဉ်ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာရွှေမြေအသင်းနှင့် Southern Myanmar အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။

ဇေယျာရွှေမြေအသင်း - တစ်ဂိုး
(စိုးမြတ်သူ)
Southern Myanmar - တစ်ဂိုး
(ဆာဆာ-ပယ်နယ်တီ)

Southern တိုက်စစ်မှူး ဆာဆာ ဇေယျာရွှေမြေဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းစဉ်။

ယမန်နေ့က ကစားခဲ့သည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိခဲ့၍ ဇေယျာရွှေမြေအသင်းမှာ ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ယခုပွဲကို မဖြစ်မနေ အနိုင်ကစားရန်လိုအပ်သောကြောင့် လူစုံထုတ်ကစားခဲ့သည်။ ၃၈ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့သော်လည်း တစ်မိနစ်အကြာမှာပင် ပယ်နယ်တီကတစ်ဆင့် ချေပဂိုး ပြန်ပေးခဲ့ရသောကြောင့် ဇေယျာရွှေမြေတို့ သရေ တစ်မှတ်သာ ရယူနိုင်ခဲ့ပြီး ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရခြင်း ဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ အနိုင်သုံးမှတ် မရယူနိုင်ခဲ့သောကြောင့် ဉဿာအသင်းကို အနိုင်ကစားထားသော ရန်ကုန်ယူနိုက်တက်အသင်းက ထိပ်ဆုံးနေရာကို ရယူသွားနိုင်ခဲ့သည်။

ပြီးခဲ့သည့် ရာသီကတည်းက Southern အသင်းနှင့်တွေ့ဆုံတိုင်း အနိုင်မရခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ ယခုတစ်ကြိမ်တွင်လည်း အသာမရခဲ့ပေ။ ဇေယျာရွှေမြေအသင်းမှာ အနိုင်ရရှိရန်အတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း Southern နောက်တန်းက အများအယွင်းမရှိ ထိန်းကစားနိုင်ခဲ့သည်။ ၃၈ မိနစ်တွင် ဇေယျာရွှေမြေတို့ ဂိုးစရခဲ့ပြီး တိုက်စစ်မှူး စိုးမြတ်သူက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဇေယျာရွှေမြေ၏ဦးဆောင်မှုမှာ တစ်မိနစ်သာကြာခဲ့ပြီး ၃၉ မိနစ်တွင် ဆာဆာက ပယ်နယ်တီမှတစ်ဆင့် Southern အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
နေပြည်တော် - ရက္ခပူရယူနိုက်တက်
(အောင်ဆန်းကွင်း)
မနောမြေ - ဇွဲကပင်ယူနိုက်တက်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

ခုနစ်နှစ်တာကြာမြင့်ခဲ့ပြီးသည့်နောက် ရာသီမကုန်မီ အေစီမီလန်ချန်ပီယံဖြစ်ပြီ

မီလန် မေ ၈

အီတလီစီးရီးအေကလပ် အေစီမီလန်သည် စနေနေ့ညက ရိုးမားကိုသရေကစားကာ ရာသီမကုန်မီ စကူဒက်တို စီးရီးအေချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

အေစီမီလန်အသင်းသည် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလို ပွဲစဉ် (၃၆)အပြီးတွင် ၂၃ ပွဲနိုင်၊ ကိုးပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၇၈ မှတ်ရရှိထားပြီးဖြစ်သည်။ ဒုတိယနေရာမှ အင်တာမီလန်နှင့် တတိယနေရာမှ နာပိုလီတို့မှာ လက်ကျန်ပွဲများကို အနိုင်ရပါကလည်း အေစီမီလန်ကို မကျော်ဖြတ်နိုင်တော့ပေ။ အေစီမီလန်အသင်း စီးရီးအေ ချန်ပီယံမဖြစ်သည်မှာ ခုနစ်နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်သည်။သို့သော် အေစီမီလန်အသင်းသည် ယခုနှစ်ရရှိသည့် ဆုဖလားနှင့်ဆိုလျှင် ချန်ပီယံဆုဖလား (၁၈)ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။ အေစီမီလန်အသင်းနှင့်အတူ ပရိသတ်ပေါင်း တစ်သိန်းကျော်လည်း ပျော်ရွှင်စွာ အောင်ပွဲခံခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** ***အင်တာနက်။***

အာဆင်နယ်အသင်း ဂျာဂျီလ်ကာကို ခေါ်ယူရန်ကြိုးပမ်း

လန်ဒန် မေ ၈

ယခုနှစ် ဘောလုံးရာသီတွင်လည်း ဖလားလက်မဲ့ဖြင့် ရာသီပိတ်သိမ်းတော့မည့် အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းမှ နောက်ခံကစားသမား ဂျာဂျီလ်ကာကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အာဆင်နယ်နောက်တန်းတွင် ဗာမေလန် ဒဏ်ရာကြောင့် အနားယူနေရချိန်တွင် တောင့်တင်းသည့် ခံစစ်ကို တည်ဆောက်နိုင်ခြင်းမရှိဘဲ တိုက်စစ်မှူးများ ဂိုးသွင်းသလောက် နောက်တန်းမလုံ၍ ဂိုးများပြန်ပေးနေရသည်။ ထိုအခြေအနေကို ပြုပြင်ဖာထေးရန်အတွက် အာဆင်နယ်အသင်းသည် ဂျာဂျီလ်ကာကို ခေါ်ယူရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အဲဗာတန်အသင်းမှ အင်္ဂလန်လက်ရွေးစင် ဂျာဂျီလ်ကာအပြင် ဘိန်းစ်ကိုလည်း မျက်စိကျနေသည်ဟုဆိုသည်။အာစင်ဝင်းဂါးသည် ဂျာဂျီလ်ကာကို ယမန်နှစ်က တစ်ကြိမ်ခေါ်ယူရန်ကမ်းလှမ်းခဲ့ဖူးသည်။ အဆိုပါကစားသမားသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုထားသော်လည်း အာစင်ဝင်းဂါးကခေါ်ယူရန် ထပ်မံကြိုးပမ်းသွားဦးမည်ဟုဆိုသည်။ ***အင်တာနက်။***

ဗီလာအသင်းသို့ ရောက်ရန်နီးစပ်နေသည့် ဘင်နီတက်ဇ်။

ဗီလာအသင်း ဘင်နီတက်ဇ်ကို ခေါ်ယူရန် ရည်မှန်းထား

လန်ဒန် မေ ၈

ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်တွင် ရုန်းကန်နေရသည့် ဗီလာအသင်းသည် နည်းပြဟူလီယာ ကျန်းမာရေးမကောင်း၍ အနားယူမည်ဆိုပါက လီဗာပူးအသင်းနှင့်အင်တာမီလန်အသင်းနည်းပြဟောင်း ဘင်နီတက်ဇ်ကိုခေါ်ယူရန် ရည်မှန်းထားကြောင်း သိရသည်။

အသက်(၆၃)နှစ်အရွယ်ရှိ ဗီလာနည်းပြဟူလီယာသည် နှလုံးရောဂါဝေဒနာကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်က ဆေးရုံတင်ကုသခဲ့ရသေးသည်။ ၎င်းအား ဆရာဝန်များက မည်သည့်ဘောလုံးအသင်းကိုမှ မကိုင်တွယ်တော့ရန် အကြံပေးထားသည်။ လက်ရှိအချိန်တွင် ဗီလာအသင်းကို လက်ထောက်နည်းပြ ဂယ်ရီမက်အလစ္စတာက ကိုင်တွယ်နေပြီး မကြာမီ နည်းပြရာထူးနှင့်ပတ်သက်၍ တရားဝင်ကြေညာသွားမည်ဟုဆိုသည်။ ဘင်နီတက်ဇ်သည် အင်တာမီလန်အသင်းမှ ထုတ်ပယ်ခံလိုက်ရပြီးနောက်ပိုင်းတွင် ယခုအချိန်ထိ အလုပ်လက်မဲ့ဖြစ်လျက် ရှိနေသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ရလဒ်များ

ဝုလ်ဗာဟမ်တန်	၃	-	၁	ဝက်စ်ဘရွန်း
စတုတ်စီးတီး	၃	-	၁	အာဆင်နယ်
မန်ယူ	၂	-	၁	ချယ်လ်ဆီး

ဟန်သစ်

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယာအို ရှိန်းမော့စ်လေကို ပြတ်ပြတ်သားသားအနိုင်ရ

လာ့စ်ဗီးဂက်စ် မေ ၈

အမေရိကန်ပြည်ထောင်စု လာ့စ်ဗီးဂက်စ်မြို့ အမ်ဂျီအမ်ဂရင်းဟိုတယ်၌ ယမန်နေ့ညက ကျင်းပခဲ့သည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(ဒဗလျူဘီအို)၏ ဝယ်လ်တာဝိတ် လက်ဝှေ့ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်နိုင်ငံသား မန်နီပက်ကွီယာအိုက စိန်ခေါ်သူပြိုင်ဘက် ရှိန်းမော့စ်လေကို အနိုင်ယူကာ ၎င်း၏ လက်ဝှေ့လောကပြိုင်ဘက်ကင်း ဘွဲ့ထူးကို ဆက်လက်ထိန်းသိမ်းလိုက်သည်။

ပက်ကွီယာအိုက မော့စ်လေကို ၁၁၉-၁၀၈၊ ၁၂၀-၁၀၈၊ ၁၂၀-၁၀၇ ဖြင့် ဒိုင်လူကြီးအဖွဲ့၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ ပြတ်ပြတ်သားသား အနိုင်ရခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား ရှိန်းမော့စ်လေသည် ကမ္ဘာ့ချန်ပီယံဘွဲ့ သုံးကြိမ်ဆွတ်ခူးခဲ့သူဖြစ်ပြီး ယခုပြိုင်ပွဲမတိုင်မီ ပြိုင်ပွဲငါးခု၌ နှစ်ခုကိုသာ အနိုင်ရခဲ့သူဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများ၌ မော့စ်လေသည် ဖလွိုက်မေဝဲသာဂျူနီယာနှင့် မီဂွဲလ်ကော့တိုတို့ကို ခက်ခက်ခဲခဲယှဉ်ပြိုင်အနိုင်ရခဲ့ပြီး ဆာဂျီယိုမိုရာနှင့်ပွဲတွင် သရေဖြင့် ကျေနပ်ခဲ့ရသည်။

ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီယာအို (၃၂)နှစ်မှာ ဖလိုင်းဝိတ်တန်း (လက်ဝှေ့သမားများ၏ ကိုယ်အလေးချိန် ၁၀၈ ပေါင်မှ ၁၁၂ ပေါင်)မှသည် ဆူပါဝယ်လ်တာဝိတ်တန်း (၁၄၈ မှ ၁၅၄ ပေါင်)အထိဖြစ်သော ဝိတ်တန်းရှစ်ခုတွင် ကမ္ဘာ့ချန်ပီယံဘွဲ့ ၁၀ ခုကို သိမ်းပိုက်ထားနိုင်သည့် ကမ္ဘာ့ပထမဆုံး လက်ဝှေ့သမားဖြစ်သည်။

The Ring (ကြိုးဝိုင်း)အမည်ရှိ မဂ္ဂဇင်းက ပက်ကွီယာအိုအား ကမ္ဘာ့အကောင်းဆုံး ဝိတ်တန်းစုံလက်ဝှေ့သမားအဖြစ် အဆင့်သတ်မှတ်ဖော်ပြလိုက်သည်။ ပက်ကွီယာအိုသည် စနေနေ့ညကရရှိခဲ့သော အောင်ပွဲအပါအဝင် ပြိုင်ပွဲကြီး ၁၄ ခုတွင် အနိုင်ရရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဆုကြေးစား ပြိုင်ပွဲမှတ်တမ်းများအရ ပက်ကွီယာအိုသည် ၅၂ ပွဲအနိုင်ရရှိခဲ့ကာ သုံးပွဲရှုံးပြီး နှစ်ပွဲသရေရရှိခဲ့သည်။ ၎င်း၏ အနိုင်ပွဲများအနက် ၃၈ ပွဲမှာ အလဲထိုးအနိုင်ယူခဲ့ခြင်း ဖြစ်သည်။ ***အင်တာနက်။***

ပညာဂုဏ်ရောင် အလင်းဆောင်

ကောလင်း စာပေနှင့် စာနယ်ဇင်း သုတရသနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

ကောလင်း မေ ၈

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် မြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၄၇ စု၊ ကျေးရွာ ၂၁၀ ရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မာရေးအတွက် ၁၉၉၉ ခုနှစ်မှစတင်၍ ယနေ့အထိ စေတနာရှင်၊ အလှူရှင်များ၏ အကူအညီဖြင့် စာအုပ်၊ ဂျာနယ်နှင့် သတင်းစာများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ငြိမ်း (မြန်ဂုဏ်ဆောင်)က ကောလင်းမြို့ အရှေ့ခြမ်း ခံသာ၊ ကျောက်ပြင်သာ နယ်မြေများသို့ လည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် (သိန်းကျော်မြင့်-ကောလင်း)က ကောလင်းမြို့နယ် အနောက်ခြမ်း ချောင်းနား(၁)၊ (၂) နယ်မြေများသို့ လည်းကောင်း သုတ၊ ရသ၊ ဂျာနယ်နှင့် သတင်းစာများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ကျေးရွာများသို့ ခင်မို့မို့စာပေ၊ ကြယ်စင်စာပေ၊ မန္တလေးမြို့နေ ဦးထွန်းအောင်-ဒေါ်ခင်ငွေနှင့် ကောလင်းမြို့ မြို့မရပ်နေ ဦးတင်အောင်-ဒေါ်မြင့်မြင့်ငွေး (ရွှေကြီးသာ စတိုး)တို့က သုတ၊ ရသစာအုပ် ၉၈၉ အုပ်၊ ဂျာနယ်၊ သတင်းစာ စုစုပေါင်း ၈၇၅၀ (တန်ဖိုးငွေကျပ် ၃၅၅၀၀၀၀) တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၂၁၄)

မြန်မာ့မီးရထား စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၈

မေ ၁ ရက်တွင် ကျရောက်သော မြန်မာ့မီးရထား၏ (၁၃၄) နှစ်မြောက် အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မြန်မာ့မီးရထား စာကြည့်တိုက်ဖွင့်ပွဲကို မေ ၃ ရက် ညနေ ၃ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက စာကြည့်တိုက်အတွက် စာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်က(**အပေါ်ပုံ**) စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြန်မာ့မီးရထား စာကြည့်တိုက်ကို မြန်မာ့မီးရထား ဝန်ထမ်းများ အသိပညာတိုးပွားစေရန်နှင့် ဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာအုပ်စာပေ လှူမိတ်ဆွေ

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာတွင် လမင်းအိမ် စာကြည့်တိုက်အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးဝင်းဦးနှင့် ခရိုင်ပြန်/ဆက် ဦးစီးမှူး ဦးတင်ဝင်းသိန်းတို့ ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အကျဉ်းစံ အီရန် ဒါရိုက်တာနှစ်ဦးကို ကန်းရုပ်ရှင်ပွဲတော်မှ ဂုဏ်ပြုမည်

အကျဉ်းကျခံနေရသော အီရန်လူမျိုး ဒါရိုက်တာနှစ်ဦးဖြစ်သည့် ဂျဖာပါနာဟီနှင့် မိုဟာမက်ရာဆိုလိုဖ်တို့ကို ယခုနှစ်တွင်ကျင်းပမည့် ကန်းရုပ်ရှင်ပွဲတော်မှ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရာဆိုလိုဖ်၏ အီရန်ရှေ့နေငယ်တစ်ဦး အီရန်နိုင်ငံမှ စွန့်ခွာသွားရေး

ဂျဖာပါနာဟီ။

နိုင်ငံကူးလက်မှတ်ရရှိရန် ကြိုးစားပုံအကြောင်း ရိုက်ကူးဖန်တီးထားသည့် Good Bye အမည်ရှိ ရုပ်ရှင်ကားနှင့် ပါနာဟီ၏ တရားရုံးတော်တစ်ခုတွင် အယူခံတင်သွင်းထားသော စီရင်ချက်ကို စောင့်ဆိုင်းရသည့် တစ်နေ့တာဘဝကို ပုံဖော်ရိုက်ကူးထားသည့် This is not a Film ရုပ်ရှင်ဇာတ်ကားများကို ကန်းရုပ်ရှင်ပွဲတော်တွင် ပြသသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျဖာပါနာဟီသည် နိုင်ငံတကာရုပ်ရှင်ထူးချွန်ဆုများ ရရှိထားသူတစ်ဦး ဖြစ်သကဲ့သို့ ၂၀၀၉ ခုနှစ်က အီရန်သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသူ အီရန်ပြိုင်ဘက် ခေါင်းဆောင်မီယာဟော့စ်စိန်မိုဆာဗီကို ထောက်ခံသူတစ်ဦးလည်း ဖြစ်သည်။ ပါနာဟီသည် ဒီဇင်ဘာလကတည်းက ခြောက်နှစ်အကျဉ်းကျခံနေရပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးခွင့်နှင့် ပြည်ပထွက်ခွာခွင့် အနှစ် ၂၀ ပိတ်ပင်ခံထားရသူတစ်ဦးဖြစ်သကဲ့သို့ သူ၏မိတ်ဆွေ ရာဆိုလိုဖ်သည်လည်း အလားတူ ပြစ်ဒဏ်ကျခံနေရသူတစ်ဦးဖြစ်သည်။

မိုဟာမက်ရာဆိုလိုဖ်။

၎င်းတို့နှစ်ဦး ယခုကဲ့သို့ ပြစ်ဒဏ်များ အတူတကွကျခံနေရသည့်အချိန်မှာပင် သူတို့၏ ရုပ်ရှင်ကားများကို ကန်းရုပ်ရှင်ပွဲတော်သို့ ပေးပို့ခဲ့ခြင်းသည် အနုပညာဆန်သော မယုံနိုင်ဖွယ်ရာ ရဲရင့်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး တာဝန်ရှိသူများဖြစ်သည့် ဂျီလက်စ်ဂျက်ကော့ဘ်နှင့် သီယာရီဖရီမော့ခ်တို့က ပြောကြားသည်။

ယခုနှစ် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ရီဗီးယားကမ်းခြေ၌ မေ ၁၁ ရက်မှ ၂၂ အထိ ကျင်းပသွားမည်ဖြစ်သည်။

အင်တာနက်။

အာရီဇိုးနားပြည်နယ်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဝေဖန်သည့် အဆိုတော် လေဒီဂါဂါ

အဆိုတော်လေဒီဂါဂါသည် အာရီဇိုးနားပြည်နယ်၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေကို သဘောမကျကြောင်းနှင့် ယင်းဥပဒေကို တုံ့ပြန်သည့်အနေဖြင့် မက္ကဆီကိုတွင် ကျင်းပသည့်ဂီတဖျော်ဖြေပွဲနှစ်ခုတွင် Americano အမည်ရှိ သီချင်းတစ်ပုဒ်ကို ရေးစပ်သီဆိုခဲ့သည်။

သောကြာနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် လေဒီဂါဂါက သူမသည် မက္ကဆီကန်ယဉ်ကျေးမှုနှင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ တရားမျှတမှုမရှိသော ဥပဒေများကို မနှစ်သက်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစ၍ အာရီဇိုးနားပြည်နယ် ရဲအရာရှိများသည် မက္ကဆီကိုနိုင်ငံတွင်းမှ အမေရိကန်ပြည်ထောင်စု အာရီဇိုးနားပြည်နယ်သို့ တရားမဝင် ပြောင်းရွှေ့လာသူများထဲမှ သံသယရှိသူများ၏ နောက်ကြောင်းရာဇဝင်များကို စစ်ဆေးမေးမြန်းခွင့် ရရှိထားသည်။ ယင်း ဥပဒေနှင့် အခြားလုပ်ပိုင်ခွင့်များကိုလည်း အာရီဇိုးနားပြည်နယ် တရားရုံးက ချုပ်ကိုင်ထားသည်။

အင်တာနက်။

အဆိုတော် လေဒီဂါဂါ။

သွေးသည် အသက်

မိုးကောင်း၌ လေဘေးကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

မိုးကောင်း မေ ၈

မိုးကောင်းမြို့နယ် လွဲလောကျေးရွာအုပ်စု၌ ဧပြီ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသည့် အိမ်ခြေများမှ မိသားစုဝင်များအား ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ လေဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဒေါက်တာကျော်မင်းနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်း ဒုတိယ တပ်ရင်းမှူး ဦးမြင့်အောင်တို့က လေဘေးသင့်အိမ်ထောင်စု ၁၄ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၉၉)



စာပေမြင့်မှ လူမျိုးတင့်မည်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် မေလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့်

စာမျက်နှာ ၉ ကော်လံ ၄ သို့

သီပေါ-ပန်လုံ-နမ့်ဆန်လမ်း၊ မန်တုံ-နမ့်ဆန်လမ်းနှင့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်လမ်းများ ဆောင်ရွက်ပြီးစီး

နေပြည်တော် မေ ၈

သီပေါ-ပန်လုံ-နမ့်ဆန်လမ်း(၄၈/၄)မိုင်၊ မန်တုံ-နမ့်ဆန်လမ်း(၃၇/၀)မိုင်နှင့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-၁၈ မိုင်လမ်းဆုံ(တာရွှေထန်)လမ်း(၇၈/၀)မိုင်တို့ကို လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား မေ ၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပန်းဆိုးတန်း-ဒလ ပြေးဆွဲပေးနေသည့် ထီး လှိုင် ရှင် ကူးတို့ ရေယာဉ်ကို တွေ့ရစဉ်။

ပန်းဆိုးတန်း-ဒလ ကူးတို့ယာဉ်များ ခရီးသည်တို့အားထား ခရီးသည်သုံးသောင်းကျော် နေ့စဉ်ပို့ဆောင်ပေးနေ

သတင်းမှတ်စု ချစ်ဝင်းမြတ်

မြစ်ဝကျွန်းပေါ်ဒေသခံတို့ ရန်ကုန်သို့ အဓိကဝင်ရောက်ရာ ဝင်ပေါက်ဖြစ်သည့် ပန်းဆိုးတန်း-ဒလ ကူးတို့လိုင်းသည် နေ့စဉ်ခရီးသည်သုံးသောင်းကျော်ကို ပို့ဆောင်ပေးလျက်ရှိပြီး ကျန်စစ်သား

စာမျက်နှာ ၇ ကော်လံ ၄ သို့

ယနေ့ သတင်းအညွှန်း

အီရတ်အကျဉ်းထောင်တွင်း တိုက်ပွဲ၌ အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦး အပါအဝင် ၁၇ ဦး သေဆုံး

(သတင်း) စာမျက်နှာ - ၅



မိုးညှင်းမြို့နယ် မြိုင်သာယာကျေးရွာ လမင်းအိမ်စာကြည့်တိုက်ဖွင့်

(သတင်း) စာမျက်နှာ - ၁၁



ခုနစ်နှစ်တာကြာမြင့်ပြီးသည့်နောက် ရာသီမကုန်မီ အေစီမီလန် ချန်ပီယံဖြစ်

(သတင်း) စာမျက်နှာ - ၁၀